သစ္စာဉာဏ်အမြင် တရားစဉ်များ

# အချင်ဇဒ္ဒဝံသ

မဟာဝိဇ္ဇာ

၆၄
၀

(ဓမ္မဒါန)

၁၅၂၇၆
၂၉၄.၃၆၄
130

အမရပူရမြို့
ဝိပဿနာ သန္တိသုခကျောင်းတိုက်

နိုင်ငံခြားသာသနာပြု

# ဆရာတော် အသျှင်နန္ဒဝံသ

(မဟာဝိဇ္ဇာ) ၏

မေတ္တာဓမ္မဒေသ

အော်လ်အင်ဒီးယားရေဒီယိုမှ
ဝါတွင်း သီတင်းစဉ် အသံလွှင့်
ဟောကြားတော်မူခဲ့သော

# သစ္စာဉာဏ်အမြင်
# တရားစဉ်များ

ပ၉၄·၃၆၄
၃၁၀
၁၅၂၇၆
ဝ၉-၄
ကင်-၇

ဘာသာရေးဆိုင်ရာစာမူ ထုတ်ဝေခွင့် အမှတ်(၁၇၇၉)

၁၉၈၁ ခုနှစ် ဇန်နဝါရီလ
၁၃၄၂ ခုနှစ် နတ်တော်လ
ပထမအကြိမ် အုပ်ရေ ၂၀၀၀
ပန်းချီ-ဇော်ဟိန်းမောင်

( ဓမ္မဒါန )

ထုတ်ဝေသူ။ ။ဦးနန္ဒဝံသ ကင်းလွတ်ခွင့် အမှတ်(၆၆၅)
ဝိဿနာ သန္တိသုခ ကျောင်းတိုက်၊
အမရပူရ၊ မန္တလေး။

ပုံနှိပ်သူ။ ။ဦးဘိုးဟန် မင်းထွန်းမိုး ပုံနှိပ်တိုက်၊
(မြဲ-၀၂၂၉၈)အမှတ်၆၈၊ ၁၆၅လမ်း
ရန်ကုန်။ အဖုံး-မင်းထွန်းမိုး။

# အမှာစာ

အမရပူရမြို့ ဝိပဿနာ သန္တိသုခကျောင်းတိုက် နိုင်ငံခြား သာသနာပြု ဓမ္မကထိက ကမ္မဋ္ဌာနာ စရိယ ကျမ်းပြု ဆရာတော် အသျှင်နန္ဒဝံသ (မဟာဝိဇ္ဇာ) အရှင်သူမြတ်သည် အိန္ဒိယပြည် မဟာဗောဓိ အသင်းကြီး၏ ပင့်လျှောက်ချက်အရ မဇ္ဈိမဒေသသို့ သာသနာပြု ကြွရောက်တော်မူခဲ့ပါသည်။

ဆရာတော်သည် မြတ်စွာဘုရားသခင် သဗ္ဗညုတ ရွှေဉာဏ်တော် ပန်ဆင်ခဲ့သည့် ဗောဓိညောင်ပင် တည်ရှိရာ ဗုဒ္ဓဂယာသို့ လည်းကောင်း၊ ဓမ္မစကြာ တရားဦး ဟောရာ မိဂဒါဝုန်သို့ လည်းကောင်း၊ ဘွားမြင်တော်မူရာ လုမ္ဗိဏီ အင်ကြင်းဥယျာဉ်... အင်ကြင်းဘောသို့ လည်း ကောင်း၊ မြတ်စွာ ဘုရား သခင် ပရိနိဗ္ဗာန်ပြုတော်မူရာကုသိနာရုံသို့လည်းကောင်း၊ဗာရာဏသီ၊ ရာဇဂြိုဟ်၊ဂိဇ္ဈကုဋ်တောင် စသည့် ထူးမြတ်လှသည့် အရပ်ဒေသ များသို့ လည်းကောင်း ကြွရောက်၍ ဝိပဿနာ တရားများ ကျင့်ကြံအားထုတ်တော်မူခဲ့ပါသည်။

ဆရာတော်သည် ဗုဒ္ဓဂယာ မဟာဗောဓိ အသင်းတိုက်တွင် မဟာဗောဓိ အသင်းကြီး၏ အကြီးအမှူး တဦး ဖြစ်သူ

# အမှာစာ

အရှင်ဇိနရတန၏ လျှောက်ထားချက် မဂ်ဉာဏ် တည်ဆောက်ခြင်း နည်းပညာ(How to Construct Magga Ngana) ကို အင်္ဂလိပ်ဘာသာဖြင့် ဟောကြား ချီးမြှင့်လျက် မေးခွန်းများကိုလည်း ကောင်းမွန် ရှင်း လင်း ပြတ်သားစွာ ဖြေဆိုမိန့်ကြားတော်မူခဲ့ပါသည်။

ဆရာတော်၏ ကမ္ဘာ့အဖြစ် သာသနာပြုရာသို့လိုက်ပါသွားခဲ့သူ အငြိမ်းစား သံအမတ်ကြီး ဗိုလ်မှူးကြီးဟောင်း သီဟသူရ ဦးလှမော်သည် ဗုဒ္ဓဂယာတွင် သာသနာ့ဘောင်သို့ အပြီးတိုင် ဝင်ရောက်ကာ ဦးရေဝတဘွဲ့နာမကိုခံယူခဲ့ပါသည်။ အိန္ဒိယမှတဆင့် ဆရာတော်သည် သီရိလင်္ကာနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့်ထိုင်းနိုင်ငံတို့သို့ သာသနာပြုခရီး ဆက်လက် ကြွမြန်းတော်မူခဲ့ပါသည်။

ဆရာတော်သည် နယူးဒေလီမြို့တွင် သီတင်းသုံးနေစဉ် နယူးဒေလီ အောလ်အင်ဒီးယား ရေဒီယိုမှ ဩဂုတ်လ ၅ ရက်၊ ဒုတိယ ဝါဆိုလဆုတ် ၉ ရက်နေ့ ညနေ ၆ နာရီ ၁၅ မိနစ်မှ ၆ နာရီ မိနစ် ၃၀ အထိ (ဗုဒ္ဓဂယာ ဗောဓိပင်အောက် ဆိုက်ရောက်စဉ်) တရားတော်ကို ကိုယ်တိုင် အသံလွှင့် ဟောကြားချီးမြှင့်တော်မူခဲ့ပါသည်။

ထို့ပြင် နယူးဒေလီ အောလ်အင်ဒီးယား ရေဒီယိုမြန်မာပိုင်း အစီအစဉ်မှ တကာ–တကာမများ၏ မေတ္တာရပ်ခံ လျှောက်

# အမှာစာ

ဩဿားချက်အံ့ရ (A.I.R.) စတူဒီယိုတွင် နောက်ဆပ် တရား (၆)ပုဒ်ကို တိတ်ခွေဖြင့် ဟောကြားအသံဖမ်းယူသွားခဲ့ပါသည်

၎င်းတရားတော် (၆) ပုဒ်ကို ဝါတွင်း သီတင်းစဉ် တရားတော်များ အဖြစ်ဖြင့် ဩဂုတ်လ ၁၁ ရက်၊ ၁၉ ရက်၊ ၂၆ ရက်၊ စက်တင်ဘာလ ၃ ရက်၊ ၉ ရက်နှင့် ၁၇ ရက်။ ဒုတိယ ဝါဆိုလဆုတ် ၁၅ ရက်၊ ဝါခေါင်လဆန်း ၈ ရက်၊ ဝါခေါင်လပြည့်၊ ဝါခေါင်လဆုတ် ၈ ရက်၊ ဝါခေါင်လဆုတ် ၁၄ ရက်၊ တော်သလင်းလဆန်း ၈ ရက်နေ့များတွင် အောလ် အင်ဒီးယား ရေဒီယိုမှ ညပုယ်နေ့တိုင်း နံနက်ပိုင်းတွင် အသံလွှင့်၍ တရားရေအေးတိုက်ကျွေးတော်မူခဲ့ပါသည်။

ဆရာတော်၏ တပည့် ယောဂီများသည် အသံလွှင့် တရားတော်များကို ကိုယ်တိုင် နာကြားကြရသည်နှင့် အားမရ တင်းမတိမ်နိုင်ကြသဖြင့် တိတ်ခွေများဖြင့်ပင် ဖမ်းယူ ပူဇော်ခဲ့ကြပါသည်။

ယခုအခါတွင် မြန်မာနိုင်ငံတဝန်းလုံးရှိ ယောဂီများနှင့် တကွ အင်္ဂလန်၊ အမေရိကန်၊ ဂျပန် စသော နိုင်ငံရပ်ခြားဒေသ များတွင် ရောက်ရှိနေကြသော ဗုဒ္ဓဘာသာဝင် မြန်မာ အမျိုး သမီး၊ အမျိုးသား အပေါင်းတို့ တစုတပေါင်းတည်း ဖတ်ရှု လေ့လာကျင့်ကြံအားထုတ်စေနိုင်ခြင်း အလို့ငှာ အဆိုပါ နိုင်ငံ ခြား အသံလွှင့်တရားတော် (၇) ပုဒ်ကို စုစည်း ပေါင်းချုပ်၍ စာအုပ်တအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေလိုက်ရခြင်းဖြစ်ပါသည်။

## အမှာစာ

ဤကုသိုလ်ကံ စေတနာတို့ကြောင့်သုံးဆဲ့တဘုံ သံသရာ ဝဋ္ဋဒုက္ခ အစုံစုံမှ ကျွတ်လွတ်ရသည်ဖြစ်၍ ဘုရားအမှူး ရှိသော ရဟန္တာ ကိုယ်တော်မြတ်ကြီးတို့ စံမြန်းရာ နိဗ္ဗာန်ရွှေပြည်သို့ လျင်မြန်ထုတ်ချောက် မျက်မှောက်ပြုနိုင်ပါစေသတည်း။

သစ္စာ ဉာဏ်ပန်း ပွင့်လန်းရမည်။

ရန်ကုန်မြို့။ **သူရိယ သန်းမောင်**

၁-၁၀-၇၀။ ဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာဘွဲ့ရ၊

ယခင်-မန္တလေးသူရိယနေ့စဉ်

အယ်ဒီတာချုပ်။

# ဗုဒ္ဓဂယာ ဗောဓိပင်အောက် ဆိုက်ရောက်စဉ် တရားတော်

အမရပူရမြို့ ဝိပဿနာ သန္တိသုခ ကျောင်းတိုက်မှ နိုင်ငံခြား သာသနာပြု ဓမ္မကထိက အကျော် ဆရာတော် အသျှင်နန္ဒဝံသ(မဟာဝိဇ္ဇာ)က ဗုဒ္ဓဂယာ ဗောဓိပင်အောက် ဆိုက်ရောက်စဉ်အခါက မိမိမည်မျှကြည်နူးအားရ ပီတိသောမနဿများ ဖြစ်ပွားခဲ့ရတဲ့အကြောင်းကို ဟောကြားတော်မူပါလိမ့်မည် ခင်ဗျား။

မြန်မာနိုင်ငံကတဲ့က သုံးလူ့ထွဋ်ထား ရှင်တော်မြတ်ဘုရား သိတင်းသုံးတော်မူခဲ့တဲ့ အိန္ဒိယတိုင်းပြည် မြင့်မြတ်တဲ့ ဒေသတွေကို ရောက်လိုတဲ့ဆန္ဒ အင်မတန်မှ ပြင်းပြခဲ့ပါတယ်။

ဒီလို ပြင်းပြတဲ့ ဆန္ဒနဲ့အညီ အခါအခွင့်ပင် ဟော…. မြန်မာနိုင်ငံမှ လိုက်ပို့ လိုက်ကြတဲ့ တကာ-တကာမများကို နှုတ်ဆက်ရင်းနဲ့ လေယာဉ်ကွင်းကနေ အိန္ဒိယ တိုင်းပြည်သို့ ဦးတည်ရည်မှန်းပြီး ထွက်ခွာခဲ့ပါတယ်။

သုံးလူ့ထွဋ်ထား ရှင်တော်မြတ်ဘုရား သဗ္ဗညုတ ရွှေဉာဏ်ကြီးကို ပန်ဆင်ပြီးတဲ့နောက်ဒီနေရာ ဒီဒေသတဝိုက်မှာ နှသုံးစိတ်ဝမ်း ချမ်းချမ်း မြေ့မြေ့ နှလုံးသွင်းပြီး ဆင်ခြင်တော်မူခဲ့ပုံတွေကို ဉာဏ်မျက်စိထဲမှာ တရေးရေး တယောင်ယောင် ထင်မြင်မိပြီးတဲ့နောက် လွမ်းမောသလိုလို၊ တသသလိုလို၊ မြတ်နိုးသလိုလို၊ ကြည်ညိုသလိုလိုနဲ့ ခံစားချက်များ အမျိုးမျိုး ပေါ်ခဲ့ရပါတယ်။ ဒီလို ပေါ်ခြင်းရဲ့ နောက်ဆက်တွဲ အနေနဲ့ကတော့ မိမိထားခဲ့ရတဲ့ ပုဂ္ဂိုလ်တွေ ပို့လိုက်လို့လည်း ဒီနေရာ ဒီဒေသကိုရောက်ပြီ။

ဒီတော့ ဒီနေရာ ဒီဒေသကိုရောက်တဲ့အခါ ဒီပုဂ္ဂိုလ်တို့ကိုလည်း အမျှမေတ္တာများ ပေးဝေအုံးမှ ဆိုပြီးတဲ့နောက် ရှင်းပုဂ္ဂိုလ်တို့ အပါအဝင် တလောကလုံးကိုလည်း အမျှမေတ္တာများ ပေးဝေပြီး အေးအေး ချမ်းချမ်း ချမ်းချမ်းမြေ့မြေ့ နှလုံးမြေ့ဘွယ် ပျော်ဘွယ်ရာ ကောင်းတဲ့ ဤဒေသမှာ ဝမ်းပမ်းတသာဘဲ သီတင်းသုံးခဲ့ရပါတယ်။

ဒီလို သီတင်းသုံးပြီးတဲ့နောက်သုံးလူ့ထွဋ်ထားရှင်တော်မြတ်ဘုရားသည် ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်ပြီးတဲ့နောက် ဒီရွှေပလ္လင်မှာ "၇" ရက် သီတင်း သုံးပြီးတော့ အနိမိသကုန်းကနေ ပြန်လည်ပြီး ဒီဗောဓိပင်နဲ့ ရွှေပလ္လင်ကို အံ့ဩဘွယ်ရာ ကောင်းစွာမှိတ်မသုံသော မျက်စိအစုံနဲ့ခုနစ်ရက် တိတိ သီတင်းသုံးခဲ့တဲ့ ဒီကုန်းတော်ကို ဦးပဉ္စင်းတို့ တတွေလည်း

ကောင်းစွာ ရောက်ခဲ့ပြီး အမှတ်တရများဖြစ်အောင်ဓာတ်ပုံများ လည်း ရိုက်ခဲ့ပါတယ်။

ဦးပဥ္စင်းတို့တတွေ တရားများ အားထုတ်လို့ အောင်မြင် တဲ့ အခါမှာ မောဟများ ကင်းကွာလို့ ကြည်လင် ရွှင်လန်း ရတဲ့ နည်းတူ သုံးလူ့ ထွဋ်ထား ရှင်တော် မြတ်ဘုရားမှာတော့ သဗ္ဗညုတ ရွှေဉာဏ်ကြီးကို အပြီးအပိုင် ပိုင်ဆိုင် လိုက်ရလို့ အောင်ပွဲခံလိုက်တဲ့ အခါ ခုနစ်ရက်လုံးလုံး မမှိတ် မသုံသော မျက်လုံးနဲ့ ကြည်လင်စွာ သဗ္ဗညုတ ရွှေဉာဏ်ကြီးနဲ့ ဆင်ခြင် ပြီးတဲ့ နောက် ဒီဗောဓိပင်နဲ့ ရွှေပလ္လင်ကို အောင်မြင်ခဲ့ရပုံတွေကို အမျိုးမျိုး အနုလုံ ပဋိလုံ ဆင်ခြင်ပြီး ဉာဏ်ပညာ ကွန့်ယက် ဖြန့်ကျက်ပြီးတဲ့ နောက် ဝင်စားနေပုံကိုဉာဏ်မျက်စိမှာကြည့်ပြီး အင်မတန်မှဘဲ ပီတိဖြစ်မိပါတယ်။

တဖက်မှာလည်း မုစလိန္ဒါ အိုင်ကြီးက အင်မတန် အံ့ဩဘွယ်ရာ ကောင်းပါတယ်။ စိမ်းလဲ့လဲ့ရေနဲ့ ကန်ဘောင်ကြီး ကလည်း ခိုင်ခိုင် ခန့်ခန့် လုပ်ကိုင် ဆောက်ရွက် ထားကြ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး သက်တော် ထင်ရှား ရှိစဉ်က ဤဒေသ ဤဌာနတို့အား နှလုံးမွေ့ဘွယ် ပျော်ဘွယ် ကောင်းအောင် ငြိမ်းငြိမ်း ချမ်းချမ်း အေးအေး မြမြ နှလုံးသွင်း ခြင်ဆင်တော်မူနေလိမ့်မယ် သဘော တွေကို မိမိဉာဏ်ပညာနဲ့ ထင်မြင်ပြီးတော့ မြတ်နိုးကြည်ညိုမိပါတယ်။

ရတနာဃရ ဌာနမှာလည်း သုံးလူ့ ထွဋ်ထား ရှင်တော် မြတ်ဘုရားသည် အဘိဓမ္မာပဋ္ဌာန်းဒေသနာများကို ကောင်းစွာ

ဝင်စားသဖြင့် ရောင်ခြည်တော် ခြောက်သွယ် များ လည်း ကွန့်မြူးတော်မူခဲ့ရာ ဤဒေသဤဌာနကိုလည်း မိမိ ကိုယ်တိုင် အမြတ်တနိုးကြည်ကြည်ညိုညို ဦးထိပ်မှာ ပန်ဆင်ပြီး ဗုဒ္ဓဂယာ ခေါ်တဲ့ ဒီဒေသကို အေးအေး ငြိမ်းငြိမ်းချမ်းချမ်းသာသာဘဲ ရောက်ရှိပါတယ်။

ပတ်ဝန်းကျင် လေ့လာ လိုက်ပြန်တော့ နေရဉ္ဇရာ မြစ်ကမ်းခြေကိုလည်း တဖက်တလမ်းမှာ လှမ်းလို့မြင်ရပါတယ်။ အဲဒီ နေရဉ္ဇရာမြစ်ရဲ့ ဟိုမှာ ဖက်ကမ်းမှာတော့ ဒုက္ကရစရိယာ ကျင့်တဲ့ နေရာဒေသ ဒုက္ကရစရိယာတောင်လို့ ရှိပါတယ်။

အဲဒီတောင်မှာ သုံးလူ့ထွဋ်ထား ရှင်တော်မြတ် ဘုရား သည် သစ္စာတရားကို ထိုးထွင်းပြီး သိမြင်နိုင်အောင် ဤရွေ့ ဤမျှ အပင်ပမ်းခံပြီးတော့ ခက်ခက်ခဲခဲ ကြိုးစား ပင်ပမ်းခဲ့ရပုံ တွေကို ပြန်လည်ပြီး ကြည်နူးပြီးတဲ့နောက် ငါတို့၏ မြတ်စွာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် သုံးလူ့ထွဋ်ထားရှင်တော် မြတ်ဘုရားကြီးသည် သတ္တဝါတွေကို မိမိရင်ဝယ်သားလို သနား သဖြင့် ဗုဒ္ဓေါ ဗောဓေယျ၊ မုတ္တောမောစေယျ၊ တိဏ္ဏောတာ ရေယျ- သုမေဓာ ရှင်ရသေ့ ဘဝကထဲက ကျိန်းဝါးခဲ့တဲ့ ဒီဆုတောင်းကို ကောင်းမွန်စွာ ပြည့်စုံအောင် ကျင့်ကြံကြိုးစား၍ ပါရမီ ဖြည့်ဆည်းတော်မူနိုင်စွမ်းတဲ့ သုံးလူ့ထွဋ်ထား ရှင် တော်မြတ်ဘုရားရဲ့ ဂုဏ်တော်တွေ၊ ကျေးဇူးတော်တွေ၊ မဟာ ကရုဏာတော်တွေ၊ မေတ္တာတော်တွေ၊ တန်ခိုးတော်တွေကို ကောင်းစွာဘဲ ဉာဏ်ပညာမှာဦးထိပ်ထားပြီး ပန်ဆင်ခဲ့ပါတယ်။

မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်ကြီးလည်း သဗ္ဗ ညုတ ရွှေဉာဏ်ကြီးကို ပန်ဆင်ပြီးတဲ့ အခါမှာ အတ္တဘိက္ခဝေ၊ အဇာတံ၊ အဘူတံ၊ အကတံ၊ အသင်္ခတံ၊ ချစ်သားတို့ နိဗ္ဗာန် ဆိုတာရှိတယ်။ ဓုဝနိဗ္ဗုတိ၊ အနီတိက၊ အနုတ္တရ၊ ဝိဝေက၊ အသင်္ခတ၊ သုညတ၊ အနိမိတ္တ၊ အပဏိဟိတ၊ သန္တိလက္ခဏာ၊ အစ္စုတရသ၊ အနိမိတ္တ၊ ပစ္စုပဋ္ဌာန်ထိုက်တဲ့ ဒီနိဗ္ဗာန်ဆိုတာ ရှိတယ်၊ အမှန်ဘဲရှိတယ်။

ချစ်သားတို့ အဲဒီ နိဗ္ဗာန်စံရမှ ချမ်းသာမယ်။ ရုပ် နာမ် ဆိုတာ အင်မတန်မှဆင်းရဲတယ်၊ ကိလေသာ ဆိုတာ မပြတ် မလပ် နှိပ်စက်တတ်တဲ့ သဘောတွေ ရှိတယ်။ ဒါကြောင့်– နိဗ္ဗာန်ကို စံရမှ ချမ်းသာစစ် ချမ်းသာမှန်ကော်ရမယ်။ နိဗ္ဗာန်စံဘို့ နည်းလမ်းများ ကြိုးစားကြ၊ စွမ်းစွမ်းတမံ ဆောင်ရွက်ရစ်ကြ။

သုံးလူ့ ထွဋ်ထား ရှင်တော်မြတ်ဘုရား နိဗ္ဗာန်ကိုစတင်ပြီး တွေ့တော်မူခဲ့တဲ့ နေရာသည် ဤဗုဒ္ဓဂယာရဲ့ ဗောဓိပင်နှင့် ရွှေပလ္လင် အောင်မြင်ရာ ဒေသ ဌာနမို့ ဒီနေရာ ဒီဒေသသည် အင်မတန်မှ မြင့်မြတ်လှတဲ့ အံ့ဩဘွယ်ရာကောင်းတဲ့ နေရာဒေသ ကြီးဘဲလို့ လှိုက်လှိုက်လှဲလှဲ ဝမ်းပမ်းတသာ အောင်မြင်မှု အဖြာဖြာကို ကိုယ်တိုင်ကိုယ်ကျ ရယူလိုသော သဘောထား များ ကိန်းအောင်းလျက် ဗောဓိပင်ရဲ့ ခြေရင်းတော်မှာ မေတ္တာ ဘာဝနာများ စီးဖြန်း၊ ဝိပဿနာတရားများ ကျင့်ကြံကြိုးစာ အားထုတ်ယင်း ဉာဏ်ပညာစခန်းများ တက်လမ်း နိုင်အောင်

ကြိုးစားခဲ့ပါတယ်။ မိမိအနေနဲ့ ဒီလို ကြိုးစားခဲ့ပေမယ့် မိမိရဲ့ မြန်မာနိုင်ငံက တရားနာ ပရိသတ်တို့၊ ယောဂီတို့ မှာတော့ ဒီနေရာ ဒီဒေသကို မရောက်နိုင်ခဲ့ကြဘူး။ "လက်တလှမ်းချို ဖမ်းမမှီသို့၊ မြင့်သီဝေးမျှော်၊ ထင်ရေးရော်၍၊ တော်ညောင်ပင်ကို၊ လွမ်းရေးပို့ခဲ့" ဆိုသလို အဝေးရောက် မြန်မာနိုင်ငံမှသာ လျှင် မှန်းမျှော်တမ်းတပြီး ဒီဗောဓိပင်နဲ့ ရွှေပလ္လင် တည်ရာ ဗုဒ္ဓဂယာ ဗောဓိပင်ကိုဘဲ မျှော်မှန်း တမ်းတ ပြီးတဲ့နောက် ဦးသုံးကြိမ်ချလို့ ကော်ရော်ပူဇော်နေကြပုံဆိုတဲ့ သဘောတွေကို မျက်စိနဲ့မြင်ပြီး မိမိမှာတော့ ကံထူးတယ်၊ ဒါကြောင့်ဒီဗောဓိပင် နဲ့ရွှေပလ္လင်အောင်ရာ ဌာနသို့ရောက်ခဲ့ရပြီ၊ ဒီတော့ မိမိ တကာ တကာမများ အတွက် ကဲလေ.... ကိုယ်တတ်နိုင်တဲ့ ကျေးဇူး ဆပ်ရင်းနဲ့ ဒီဗောဓိပင်က ကြွေကျလာတဲ့ ညောင်ရွက်ကလေး တွေ ကောက်လိုက်အုံးမယ်ဆိုပြီး ညောင်ရွက်ကလေးများလည်း ကောက်ယူရတယ်။

"သေခမြေသက်၊ ဈာန်ဝိတက်သို့၊ ညောင်ရွက်ယော်ပြီ၊ ဘုန္ဒနီဝယ်၊ သိင်္ဂါတဝက်၊ ဆက်၍ဆေးစုံ၊ ချယ်သောပုံသို့" မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ သစ္စာတရား အောင် မြင်ရာ ဤခဒေသ ဤဌာန ပေါက်ရောက်တဲ့ ဒီဗောဓိပင်ရဲ့ အရိပ် အာဝါသအောက်မှာ ခိုလှုံယင်းနဲ့ ဒီညောင်ရွက်ကလေးတွေ ကောက်ယူသင်းနဲ့ မြန်မာနိုင်ငံ ပြန်ရောက်တဲ့အခါ ဒီမြတ်စွာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ သာသနာ့ အရိပ် အာဝါသ အောက် ခိုလှုံကြရတဲ့ ဒီယောဂီများအတွက် မမ္မလက်ဆောင်

သဖွယ် ပေးအပ်ရတော့မယ်လို့ စိတ်ကူးများနဲ့ မြန်မာနိုင်ငံရှိ ပရိသတ်များကိုလည်း သတိရခဲ့တယ်။

တကယ်တော့ သံသရာအဆက်ဆက် “ရထားသံသရာ၊ ယာဉ်စကြာဖြင့်၊ ချင်းရာထုတ်ပတ်၊ သမုပ္ပဒ်ကို၊ အတတ်သိရန်၊ နိဒါန်းပြန်လိမ့်၊ အမှန်လေးချက်၊ သဘောနက်ကို၊ ဖုံးဖွက်ကွယ်ကာ၊ အဝိဇ္ဇာဟု၊ မဟာတမ၊ မှောင်ကြီးကျလျက်၊ ဘဝမျိုးသိုက်၊ ရှိန်ရှိန်အိုက်သား၊ အမိုက်မီးစာ၊ ဤခန္ဓာကို၊ တွယ်တာသမှု၊ အကြောင်းပြု” ခဲ့ကြတယ်။

ဤခန္ဓာကြီး အကြောင်းပြုချက်ကြောင့် သံသရာ တပြောင်းတပြန်ပြန် ကျင်လည်ခဲ့ကြပြီ။ ဒီလို ကျင်လည်ခဲ့ကြလို့ ဒုက္ခများလည်း ပင်လယ်ဝေခဲ့ကြပြီ။

“တသန္ဓေဓေ၊ တပေလျဉ်းလျဉ်း၊တညှဉ်းဆိုးဆိုး၊တညှိုးလျလျ၊ တတလွမ်းလွမ်း၊ တသမ်းဟယ်ဟယ်၊ တတွယ်တာတာ၊ တဟာလှိုက်လှိုက်၊ တနှိုက်ငင်ငင်၊ တပင်ပန်းပန်း၊ တဝမ်းလျှားလျှား၊ ရဟာဘ်ခြားသို့၊ ဧကေစတု၊ ငါးခုခန္ဓာ၊ ရှေ့လျှား လာခဲ့ကြပြီ”

ဒါကြောင့် သံသရာမှာ ဒုက္ခပင်လယ်ဝေနေသမျှ ကာလ ပတ်လုံး ဒုက္ခကလည်း ဆုံးမယ်မဟုတ်။ ဘာကြောင့် ဒုက္ခမဆုံးသလဲဆိုတော့ အဝိဇ္ဇာက လွှမ်းခဲ့လို့ ဘဲ။

"သန်းကောင်လကွယ်၊ တောအုပ်လယ်၌၊ ရှစ်နယ် ပုတ်လုံး၊ အပြည့်ဖုံးသည်၊ မိုးလုံးတိမ်တိုက်၊ လျှပ်မကြိုက်သား၊ အမိုက်အပြား၊ ဤလေးပါးတဲ့၊ ကိုယ်ကားရာထောင်၊ မကော အောင်မှောင်"တဲ့ အခါမှာ အဝိဇ္ဇာရဲ့ သားကောင် ဖြစ်ခဲ့ရ တယ်။ အဲဒီ အဝိဇ္ဇာမှ ဝိဇ္ဇာဉာဏ်ရအောင်လဲ.... ဒီဗောဓိပင် အောက် ရောက်တဲ့အခါ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် ကြီးရဲ့ သားတော်အစစ် ကေန်ဖြစ်၍ သူတော်စင် ဖြစ်အောင် တော့ ကြိုးစားတော့မယ်။ သာသနာတော်ကြီးအတွက် အပြီး အပိုင် ဘဝပေးတော့မယ်၊ ပညာစက္ခု၊ စံနေပလ္လင်၊ မြတ်စွာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးအလိုတော်ကျ သစ္စာတရားများ ကို ရှာဖွေရာ၌ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ဟိရိဩတ္တပ္ပ စတဲ့ သူတော်ကောင်းတရားတွေနဲ့အတူ "ပညာစက္ခု" မိမိရရှိ ထားတဲ့ သီလတွေ၊ သမာဓိတွေ၊ ပညာတွေ၊ မလျော့နည်း အောင် "စံနေပလ္လင်" တရားထိုင်စဉ်မှာကဲ့သို့ ဆက်ဆံရေးတွေ လုပ်တဲ့အခါမှာလည်း သီလ၊ သမာဓိပညာများကိုကောင်းစွာ ထိန်းသိမ်း၍ "သုံးလူ့ထွဋ်ထား ရှင်တော်မြတ်ဘုရားကို ဦးထိပ် မှာ ပန်ဆင်၍ ဥာဏ်ဆင်နိုင်မှ တော်ကာကျမယ်လို့ မိမိကိုယ်ကို လည်း ကောင်းစွာသတိထားရင်းနဲ့ ဩော်....အဝိဇ္ဇာမှ ဝိဇ္ဇာ ဖြစ်အောင် တဏှာမှ ဘာဝနာရအောင် ကြိုးစားတော့မယ်၊ သုံးလူ့ထွဋ်ထား ရှင်တော်မြတ်ဘုရားသည်ဤနေရာဤဒေသမှာ ကောင်းစွာသော အောင်ခြင်းကို အကြီးအကျယ် အောင်ခဲ့ပြီ၊ မိမိတို့လည်း မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးရဲ့ သား တော်သမီးတော်များပီသရအောင် အဝိဇ္ဇာတဏှာကို အောင်ပွဲခံ

နိုင်တဲ့ တကယ့် အာဇာနည် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများ ဖြစ်ရအောင်တော့ ကြိုးစားဘို့ရာထိုက်ပြီလို့ ကောင်းစွာဘဲ လိုက်လိုက်လှဲလှဲ နှစ်နှစ်ခြိုက်ခြိုက်ကြီး ဆုံးဖြတ်ချက် ချမိပါတော့တယ်။

ဒါကြောင့် ဒီအဝိဇ္ဇာ တဏှာရဲ့ သားကောင်မှ လွတ်ရအောင် အဝိဇ္ဇာသာဦးစီးနေရင်တော့ ရုပ်နာမ်တွေ တပြောင်းပြန်ပြန် သံသရာလည်လို့ မျက်ရည်တွေကျခဲ့ကြတာ သမုဒ္ဒရာ မကတော့ဘူး၊ အရိုးတွေလဲ တောင်လိုပုံခဲ့ပြီ။ ဒါကြောင့် ဒီအဝိဇ္ဇာရဲ့ သားကောင်မဖြစ်ဘဲ၊ သစ္စာကိုသိနိုင်တဲ့ အလင်းရောင်ကို ရအောင်တော့ လူ, နတ်, ဗြဟ္မာ, သတ္တဝါ တို့သည် ဒီသုံးဆဲ့တဘုံ ဒုက္ခဝဋ်အစုံစုံမှ ကောင်းစွာ လွတ်ကျွတ်ရအောင်လို့ ကြိုးစားမှ တော်ကာကျမယ်လို့ ဆုံးဖြတ်ချက် ချလိုက်ရတာဘဲ။ ဒီလို ဆုံးဖြတ်ချက်ချရဲတဲ့ ပုဂ္ဂိုလ်များအတွက် ကိုယ်ရောစိတ်ပါ ဝေဒနာများ ကျန်းမာ ချမ်းသာ၍ လိုအင်ဆန္ဒ ပေါက်မြောက်ကြပါစေ။ အနှောက်အယှက်၊ အငေါ်အခဲ၊ အငိတ်အပင်၊ အတားအဆီးတို့သည် ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ လျောကျ ပျောက်ကင်း ကျန်းမာ၍ ချမ်းသာကြပါစေ ကုန်သတည်း။

# ဥာဏ်ပညာ ရရာ ရကြောင်း နည်းလမ်းကောင်း တရားတော်

ခေါင်းစဉ်က ဉာဏ်ပညာ ရရာရကြောင်း နည်းလမ်း ကောင်း တရားတော် ဖြစ်ပါတယ်။ အင်္ဂလိပ်ဘာသာ အားဖြင့် (How to Construct Magganyana) ရယ်လို့ အိန္ဒိယ တိုင်းပြည် ဗုဒ္ဓဂယာ မဟာဗောဓိအသင်းတိုက်မှာ ဟောကြား ခဲ့တဲ့ တရားတော်ဘဲဖြစ်ပါတယ်။

သုံးလူ့ထွဋ်ထား ရှင်တော်မြတ်ဘုရားရဲ့ သစ္စာတရား ဉာဏ်ပညာအမွေကို ဘယ်လိုရယူခံစား ပိုင်ဆိုင်နိုင်မယ်ဆိုတဲ့ ပြဿနာရဲ့ အဖြေဘဲ ဖြစ်ပါတယ်။

ရုပ်နာမ်ရှိတဲ့ ပုဂ္ဂိုလ်တွေဟာ ရုပ်နာမ် အနေနဲ့သာ နေထိုင် အသက်ရှင်သန်မယ်ဆိုယင် မြင့်မြတ်တဲ့ အသက်ရှင် သန်နည်း မဟုတ်ပါဘူး။ သုံးလူ့ထွဋ်ထား ရှင်တော်မြတ်ဘုရား ကိုယ်တော်တိုင်"ပညာဇီဝိဇီ ဝိတာမဟုသေဋ္ဌ" ဉာဏ်ပညာဖြင့်

ရှင်သန်၍ အသက်မွေးရခြင်းသည်၊ အသက်ရှင်သန်ရခြင်းသည် ဘုရားအစ များလှတိတောင်း အရိယာ သူတော်ကောင်းတို့ ချီးကျူးအပ်တဲ့ အသက်ရှင်သန်နည်းပါဘဲလို့ အာဠဝကဘီလူးကို ဟောကြားတော်မူခဲ့ပါတယ်။

သုံးလူ့ထွဋ်မှထား ရှင်တော်မြတ်ဘုရားရဲ့ တရားသစ္စာကို အမွေခံလိုသော အကြင် အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ဉာဏ်ပညာ ရရှိပိုင်နိုင်အောင် ကြံဆောင်ကျင့်ကြံကြိုးစားကြရပါလိမ့်မယ်။

ဒီနေ့ တရားတော်မှာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး အလိုတော်ကျ ဉာဏ်ပညာကို ဘယ်လို ရအောင် တည်ဆောက်ကြမလဲ။ ဉာဏ်ပညာကို ရဘို့အတွက် ရှေးဦးစွာ သဒ္ဓါတရားရှိရပါလိမ့်မယ်။ မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်ကြီးနဲ့တကွ ရဟန္တာ ကိုယ်တော်မြတ်ကြီးတို့ရဲ့ အဆိုအဆုံးမများကို ယုံကြည်ရပါလိမ့်မယ်။ အင်္ဂလိပ် ဝေါဟာရအားဖြင့် **If there is any doubt for knowledge, then knowledge cannot be aroused at all because belief is absent.** ဆိုသလို ယုံကြည်ချက်မရှိယင် ပညာဉာဏ်ဟာ မဖြစ်ပေါ်မဖြစ်ထွန်းနိုင်ပါဘူး။ ဒါကြောင့် သဒ္ဓါဟိရတိသြဃံ ဆိုတဲ့ ပါဠိတော်အတိုင်းလဲ ရပ်နာမ်ရှိတဲ့ ပုဂ္ဂိုလ်တွေဟာ သစ္စာတရားကို ရလိုကြ ပိုင်နိုင် လိုကြမယ် ဆိုယင် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးနဲ့တကွ ပြီးပြည့်စုံသော

သူတော်စင် ရဟန္တာကိုယ်တော်မြတ်ကြီးတို့ရဲ့ အဆို အဆုံးအမကို ရှေးဦးစွာ ယုံကြည်ရပါလိမ့်မယ်။

ဒါကြောင့် ဉာဏ်ပညာ ရရာ ရကြောင်း နည်းလမ်းကောင်းရဲ့ ပထမအချက်ဟာ သဒ္ဓါတရားဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ ပါဠိလို သုတတာ ခေါ်ပါတယ်။ သုံးလူ့ထွဋ်ထား ရှင်တော်မြတ်ဘုရားနဲ့တကွ ရဟန္တာ ကိုယ်တော်မြတ်ကြီးတို့ရဲ့ အဆိုအဆုံးအမ များကို လေ့လာရ ပါလိမ့်မယ်။ ကြားနာခံရပါလိမ့်မယ်။ ဆည်းပူးရပါလိမ့်မယ်။ ရိုသေ ကျိုးနွံစွာနဲ့ ရှာဖွေချဉ်းကပ်လေ့လာရပါလိမ့်မယ်။ သုံးလူ့ထွဋ်ထား ရှင်တော်မြတ်ဘုရားရဲ့ တရားသစ္စာကို သိနားလည် လိုသော အကြင် အမျိုးကောင်းသားအမျိုးကောင်း သမီး တို့သည် မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးနဲ့တကွ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးရဲ့ သားတော်၊ သမီးတော်များဖြစ်ကြသော သူတော်စင်တို့ရဲ့ အဆိုအဆုံးအမများကို ဆည်းပူးကြရပါမယ်။ လေ့လာကြရပါမယ်။ တတိယအချက်ကတော့ အပ္ပမာဒတရားဖြစ်ပါတယ်။ အပ္ပမာဒတရားဆိုတာ အဆိုပါ မြတ်စွာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ သစ္စာတရား ရ ရာ ရကြောင်း နည်းလမ်းကောင်းများကို လေ့လာ ဆည်းပူးကြပြီးတဲ့နောက် မမေ့မလျော့ မပေါ့မတန် ဉာဏ်ပညာနှင့် ယှဉ်၍ သတိနှင့် ယှဉ်၍ ကောင်းစွာ မမေ့အပ်သော သဘောဖြင့် သတိယှဉ်ကြရမယ်ဖြစ်ပါတယ်။ စတုတ္ထ အချက်ကတော့ ဝိစက္ခဏာ တရားဘဲဖြစ်ပါတယ်။

၁၅၂၇၆

ဝိစိကိစ္ဆာတရားဆိုတာ သုံးလူ့ထွဋ်ထား ရှင်တော်မြတ်ဘုရားရဲ့ သစ္စာတရားကို သိလိုသော အကြင်အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် မိမိတို့ သိရှိထားသော အချက်အချက်များကို ကောင်းသည်၊ ဆိုးသည်၊ မှန်သည်၊ မှားသည်၊ မြင့်မြတ်သည်၊ ယုတ်ညံ့သည်၊ အကျိုးရှိသည်၊ အကျိုးမဲ့သည် စသည်ဖြင့် နှိုင်းနှိုင်းချိန်ချိန် သုခမိန်သို့၊ ပညာကန္ဒြေ သိမ်မွေ့စေနိုင်အောင် ဝေဖန်စီစစ် စစ်တမ်းထုတ်ကြရပါလိမ့်မယ်။

ဒီလို သဒ္ဓါတရား၊ သုဿုဘာတရား၊ အပ္ပမာဒတရား၊ ဝိစိကိစ္ဆာတရား ဒီလေးပါးနဲ့ ညီညွတ်သော အခါမှာ အကြင် အမျိုးကောင်းသား အမျိုးကောင်းသမီး တို့၌ ဉာဏ်ပညာကို ကောင်းစွာ တည်ဆောက်နိုင်ကြပါလိမ့်မယ်။ ဉာဏ်ပညာကို တည်ဆောက်နိုင်ပါမှ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး အလိုတော်ကျ ထိုဉာဏ်အရာနှင့် နိဗ္ဗာန်စခန်းသို့ တက်လှမ်းနိုင်ကြပါလိမ့်မယ်။

အဘယ်ကြောင့်ဆိုသော် သုံးလူ့ထွဋ်ထား ရှင်တော်မြတ်ဘုရား အလိုတော်ကျ နိဗ္ဗာန်ကို ဉာဏ်ပညာဖြင့်သာလျှင် ဝင်စားနိုင်ကြပါတယ်။ မျက်မှောက် ပြုနိုင်ပါတယ်။ ဒါကြောင့် အကြင် အမျိုးကောင်းသား အမျိုးကောင်း သမီး တို့သည် နိဗ္ဗာန်သို့ မျက်မှောက်ပြုစေနိုင်ရန် ဉာဏ်ပညာများ ရအောင် ကြိုးစားစေလိုကြောင်း ဤတရားတော်မြတ်ဖြင့် ဟောကြားတိုက်တွန်းလိုက်ရပါသည်။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး၏ သစ္စာတရား သိလိုကြသော အကြင် အမျိုးကောင်းသား အမျိုးကောင်း သမီးတို့ ကိုယ်ရောစိတ်ပါ ဝေဒနာများ ကျန်းမာ ချမ်းသာ၍ လိုအင်ဆန္ဒပေါက်မြောက်ကြပါစေ၊ အနှောင့်အယှက် အပိတ် အပင် အတားအဆီး တို့သည် ပိန်းကြာဖက်တွင် ရေမတင် သကဲ့သို့ လျောကျ ပျောက်ကင်း ကျန်းမာ၍ ချမ်း သာကြ ပါစေကုန်သတည်း။

## နိဗ္ဗာန် ချမ်းသာမြတ် တရားတော်

ဒီနေ့ ဟောမယ့် တရားတော်ကတော့ နိဗ္ဗာန်ချမ်းသာမြတ်တရားတော်မြတ်ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာသူတော်စင်တို့ရဲ့ ရည်မှန်းချက် ပန်းတိုင်ဟာ နိဗ္ဗာန်တရားတော် ဖြစ်ပါတယ်။ နိဗ္ဗာန်ဆိုတာ နိဝါန။

နိ + ဝါန

နိ = မရှိခြင်း

ဝါန = သုဂတိနှုဂ္ဂတိဝသေနဝိနာတီတိဝါနံ

= = ဘဝတခုနဲ့တခု ဒုက္ခတခုနဲ့ တခုကို ဆက်စပ်ပေးတဲ့ သဘော။

နိဗ္ဗာန်၌ ဒုက္ခဆက်စပ်ပေးတဲ့ တဏှာလည်း မရှိပါဘူး။ ဒါကြောင့် "တဏှာ နိရောဓောနိဗ္ဗာနံ" နိဗ္ဗာန်၌ တဏှာ မရှိပါဘူး၊ အာသဝက္ခယတရားတို့ရဲ့ ကင်းရာကုန်ရာ ဖြစ်ပါတယ်။

နိဗ္ဗာန်ချမ်းသာမြတ်ဟာ သုံးလူ့ ထွဋ်ထား ရှင်တော်မြတ်ဘုရား လူ နတ် ဗြဟ္မာ သတ္တဝါတွေကို အရောက် ပို့ဆောင်လိုသော ဗုဒ္ဓဘာသာ သူတော်စင်တို့ရဲ့ ရည်မှန်းချက် ပန်းတိုင်အပြီးအပိုင် နောက်ဆုံး အောင်မြင်မှု သရဖူရယူနိုင်တဲ့ အသခင်တခတ် မြတ်သော တရားကြီးဘဲဖြစ်ပါတယ်။

အဲဒီနိဗ္ဗာန်ကို ဗုဒ္ဓဘာသာ သူတော်စင်တို့သည် ရည်မှန်းချက်ပန်းတိုင် ထားကြပြီးတဲ့နောက် သဒ္ဓါ၊ သီလ၊သုတ၊ စာဂ၊ ပညာ၊ဟိရိ၊ဩတ္တပ္ပစတဲ့ သူတော်ကောင်းတရား ခုနစ်ပါးတို့နဲ့ အတူ သန့်စင်တဲ့ သီလတွေ၊ တည်ငြိမ်တဲ့ သမာဓိတွေ၊ ရင့်ကျက်တဲ့ ကုသိုလ်တွေ၊ မျှော်မြင် ဆင်ခြင်တဲ့ ဉာဏ်ပညာတွေ၊ လျင်မြန်တဲ့ ဉာဏ်တွေ၊ ရှင်သန်တဲ့သတ္တိတွေ၊ မလျော့တဲ့ဇွဲတွေ၊ မပြတ်လပ်တဲ့ ဝီရိယတွေ၊ တင်းကျပ်တဲ့ သဒ္ဓါတွေ၊ လေးစားတဲ့စိတ်အစဉ်တွေ၊ မပြန့်လွင့်တဲ့သတိတွေနဲ့ ကြိုးစား ဆောင်ရွက်ကြပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ သိ-ပယ်-ဆိုက်-ပွားလေးပါးကိစ္စ ညီညွတ်ရမယ် ဆိုသလို ရုပ်နာမ် ဒုက္ခကို ဒုက္ခရယ်လို့ သိရပါလိမ့်မယ်။ ဒုက္ခသစ္စာ ရရှိထားတဲ့ ရုပ်နာမ်ကြီးသည် ဒုက္ခသစ္စာဘဲဖြစ်ပါတယ်။

ပရိညာတဗ္ဗကိစ္စ-ဒုက္ခသစ္စာကို ပိုင်းခြားပြီး သိရပါလိမ့်မယ်။ ပိုင်းခြားပြီးသိတဲ့နေရာမှာ "သိ" ဆိုတဲ့စကားလုံးကိုယူပါတယ်။ ပယ် ဆိုတဲ့ တရားကတော့ ထိုဒုက္ခတရားကို ဖြစ်စေတဲ့ သမုဒယတရားကို "ပယ်" ရပါလိမ့်မယ်။ သမုဒယ အကြောင်း

ခံယင် ဒုက္ခအကျိုးပေးပါတယ်။ ဒုက္ခ အကျိုးကို မလိုချင်တဲ့ အကြင် အမျိုးကောင်းသား အမျိုးကောင်းသမီး တို့ဟာ သမုဒယကို ပယ်ရပါလိမ့်မယ်။ ဒါကြောင့် သိပြီးတဲ့နောက် ပယ်ရ ပါလိမ့်မယ်။ သိ ပယ် ဆိုက် ပွား- ဆိုက်ရောက် ရမှာက နိရောဓဖြစ်ပါတယ်။

အကြင်အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် သမုဒယကို ပယ်သဖြင့် ဒုက္ခ သေသောအခါ နိရောဓသို့ ဆိုက်ရောက်ပါတယ်။ ဒါကြောင့် သိ-ပယ်-ဆိုက်-ပွား ပွားများ ရမှာကတော့ မဂ္ဂသစ္စာဖြစ်ပါတယ်။ ဘာဝေတဗ္ဗကိစ္စပွားများ ရပါလိမ့်မယ်။ ဒုက္ခကို ဒုက္ခမှန်းသိတဲ့ဉာဏ်က ဒုက္ခကို မလို ချင်လို့ ဒုက္ခကိုဖြစ်စေတဲ့ သမုဒယကို ပယ်လိုက်ရပါတယ်။

အဲဒီလို ပယ်ခြင်းကို ပွားများယင်း အားထုတ်ယင်းနဲ့ သမုဒယအကြောင်းသတ်လို့ အကျိုးဒုက္ခ သေသောအခါ ဒုက္ခ မရှိတဲ့ နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ မျက်မှောက်ပြုနိုင် ပါတယ်။

ဒီအခါမှာ "တဏှာ နိရောဓော နိဗ္ဗာနံ" ခေါ်တဲ့ ခန္ဓာကိုယ်ပေါ်မှာ ဘပ်မက်တဲ့ တဏှာများ ကင်းကုန်ချမ်းသာ လို့ "နိဗ္ဗာနံပနလောကုတ္တရာသင်္ခတံ၊ စတုမဂ္ဂဉာဏနေန၊ သစ္ဆိကာတဗ္ဗံမဂ္ဂဖလာနမာရမဏဘူတံ၊ ဝါနသင်္ခါတာယ၊ တဏှာယ၊ နိက္ခန္တတ္တာနိဗ္ဗာနံနန္တိ ပဝုစ္စတိ" ဆို သ လို နိဗ္ဗာန် သည်

ဘဏ္ဍာမှ လွန်မြောက်သွားပါပြီ၊ ပြုပြင်စီရင်ချင်တဲ့ တရားမှ လွန်မြောက်သွားပါပြီ၊ ရုပ်နာမ်ခန္ဓာများ ချုပ်ငြိမ်းသွားပါပြီ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့်သာလျှင် မျက်မှောက် ပြုနိုင်ပါပြီ၊ အဲဒီ နိဗ္ဗာန် မြတ်ချမ်းသာကို လူ, နတ်, ဗြဟ္မာ, သတ္တဝါတွေ ရည်မှန်းချက် ပန်းတိုင်ထားပြီး ကျင့်ကြံ ကြိုးစား အားထုတ် သဖြင့် သိပယ်ဆိုက်ပွား လေးပါး ကိစ္စနှင့် ညီညွတ်အောင် ရုပ်နာမ်ဒုက္ခကြီးကို ဒုက္ခကိုသိဘို့၊ ဒုက္ခကို ဖြစ်စေတဲ့ သမုဒယ ကို သမုဒယမှန်း သိနားလည်လို့ ပယ်နိုင်ဘို့၊ အဲဒီလိုဒုက္ခကို ဖြစ်စေတဲ့ သမုဒယကို ပယ်တဲ့ ကျင့်စဉ်ကို ပွားများ အားထုတ် သောအခါ နိဗ္ဗာန်ကို ဆိုက်ရောက်ရပါလိမ့်မယ်။

ဒါကြောင့် ပယ်ရတာက သမုဒယ၊ သေသွားတာက ဒုက္ခ၊ မျက်မှောက်ပြုရတာက နိရောဓ၊ ပေါ့သွားတာက ခန္ဓာရဲ့ ဝန်၊ ကိုယ်တိုင်သိလိုက်ရတာကတရားတော်မြတ်ရဲ့ ဂုဏ်ကျေးဇူး ဖြစ်ပါတယ်။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး အလိုတော်ကျ နိဗ္ဗာန်ကို ဉာဏ်ပညာဖြင့် မျက်မှောက် ပြုနိုင်ပလား ဆိုယင် တော့ တရားတော်မြတ်ရဲ့ ဂုဏ်ကျေးဇူးကို အထူးဘဲ ကိုယ်တိုင် ကိုယ်ကျ သိမြင်နားလည်သဘောပေါက်နိုင်ပါတယ်။

ဒါကြောင့် အကြွင် အမျိုးကောင်းသားအမျိုးကောင်း သမီးတို့သည်ထိုနိဗ္ဗာန် ချမ်းသာမြတ်ရဲ့ အရသာကို ကောင်းစွာ

စံမြန်း နိုင်အောင် နိဗ္ဗာန်သို့ ရည်စူး၍ မိမိတို့ ဉာဏ်ပညာကို ဦးစီးလျက် ရုပ်နာမ်ဒုက္ခကို လိုလားအပ်သောသဘောကို လုံးဝ မထားစေဘဲနဲ့ အသာတသာတရှုပေနော်၊ ငါယ်ရှုပေနေအငါယ်း ဆိုသလို ကိုယ်သာယာဘွယ်ရာ မကောင်းတဲ့ ရုပ်နာမ်ကို သာယာနေလို့ရှိယင် ကြီးစွာသော ဒုက္ခရောက်တတ်ပါတယ်။ ထိုဒုက္ခမှ လွတ်ငြိမ်းချမ်းသာအောင်သမုဒယမှန်သမျှပယ်နိုင်မှု ကိလေသာ မှန်သမျှ ပြီးမှန်ကြွင်းကျန် ရအောင် ပယ်သတ် သောအခါ ဗုဒ္ဓ ဘာသာသူတော်စင်တို့ရဲ့ ရည်မှန်းချက်ပန်းတိုင် နိဗ္ဗာန်စံ ရပါလိမ့်မယ်။

ဤကဲ့သို့ နိဗ္ဗာန်စံခြင်းနှင့်ပတ်သက်၍ တရားတော်မြတ်ကို နာကြားရသော ကုသိုလ်ကံ စေတနာကြောင့် လောကုတ် လောကီ နှစ်လီသော အကျိုးစီးပွားများ ဖြစ်ထွန်းသတဲ့၊ ဖြစ်ထွန်းတဲ့အပြင် ခေါင်းအမျိုးမျိုး ပြောင်းကြရသော သုံးဆဲ့တဘုံ သံသရာ ဇာတိ ဒုက္ခအစုံစုံမှ ကျွတ်လွတ်ရသည်ဖြစ်၍ နိဗ္ဗာန်တည်း ဟူသော သန္တိလက္ခဏာ၊ ပစ္စုပ္ပန် ထိုက်သော ထိုနိစ္စဓုဝ အနိဒဿန အစ္စရိယ အနုတ္တရ အံဘူတာဝိဝေက တည်းဟူသောနိဗ္ဗာန်၊ ခန္ဓာ နိရောဓော၊ တဏှာနိရောဓော စာဂနိရောဓော၊ ဒေါသ နိရောဓော မောဟ နိရောဓောတည်း ဟူသော ထိုနိဗ္ဗာန်သို့ လျင်မြန်ထုတ်ချောက် မျက်မှောက်ပြုနိုင် ကြသော စံမြန်းနိုင်ကြသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များဖြစ်ကြပါ စေကုန်သတည်း။

# ဂိဇ္ဈကုဋ်တောင်တခေါက် ရောက်ခဲ့ရစဉ် တရားတော်

ဂိဇ္ဈကုဋ်တောင် တခေါက် ရောက်ခဲ့ရစဉ်က တွေ့ကြုံခံစား ဖြစ်ပေါ်ခြင်းဆိုင်ရာ တရားတော်မြတ်ကို ဒီနေ့ ဟောပါမယ်။

သုံးလူ့ထွဋ်ထား ရှင်တော်ဘုရားကိုယ်တော်တိုင်သီတင်းသုံးတော်မူခဲ့တဲ့ ဂိဇ္ဈကုဋ်တောင်မြတ် ဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ ကျောင်းတော်ရာကြီးကို အရောက် သွားခဲ့ကြပါတယ်။

ဂိဇ္ဈကုဋ်တောင်ဟာ မြန်မာဗုဒ္ဓဘာသာ သူတော်စင်များအဖို့ အင်မတန်စိတ်ဝင်စားတဲ့ နာမည်ကြီးတဲ့ တောင်တတောင်ဘဲ ဖြစ်ပါတယ်။

သုံးလူ့ထွဋ်ထား ရှင်တော်မြတ်ဘုရား သက်တော် ထင်ရှားရှိစဉ်က ကောင်းစွာ သီတင်းသုံးတော်မူဘူးတဲ့ ရာဇဂြိုဟ်ပြည်ရဲ့ တနေရာက ဂိဇ္ဈကုဋ်တောင်ဘဲဖြစ်ပါတယ်။

ဂိဇ္ဈကုဋ်တောင်ကို သွားဖို့ရာအတွက် ဦးပဥ္ဇင်းတို့တတွေ အားတက်သရောစိတ်အားထက်သန်စွာနဲ့ကြိုးစားခဲ့ကြပါတယ်။ ထိုအခါမှာ ဂိဇ္ဈကုတ်တောင်ကို တော်တော်လေး မြင့်မြင့်ထိ တက်ခဲ့ရပါတယ်။ ဂိဇ္ဈကုဋ်တောင်ရဲ့ ပတ်ဝန်းကျင် ရေမြေ တောတောင်ဟာ အင်မတန်မှသာယာဘွယ်ကောင်းတဲ့ အခြေအနေမှာ ရှိပါတယ်။ စိမ်းစိမ်းမြမြ ပတ်ဝန်းကျင်နဲ့တောတောင်ဟာလည်း ငြိမ်းငြိမ်းချမ်းချမ်း ငြိမ်ငြိမ်သက်သက် ရှိပါတယ်၊ သုံးလူ့ထွဋ်ထား ရှင်တော်မြတ်ဘုရား ကိုယ်တော်တိုင်သီတင်းသုံးတော်မူခဲ့တဲ့ ဒီဂိဇ္ဈကုဋ်တောင်ရဲ့ ကျောင်းတော်ရာကို အင်မတန် ထက်သန်တဲ့ သဒ္ဓါတရားနဲ့ပြင်းပြစွာဘဲ သွားရောက်ကြပါတယ်။

သို့သော်လည်း တောင်တော်က အထိုက်အလျောက် မြင့်မားလေတော့ တောင်ပေါ်မှာ တက်ရင်းနဲ့ မောပန်းမှုများ တွေ့ကြုံရပါတယ်။ သို့သော်လည်း သုံးလူ့ထွဋ်ထား ရှင်တော်မြတ်ဘုရား သီတင်းသုံးတော်မူခဲ့တဲ့ ထိုနေရာ ထိုဒေသသို့ တခေါက်တော့ ရောက်အောင် ကြိုးစားမယ်ဆိုပြီး ဇွဲနဲ့ အသဲနဲ့ တက်ရောက်ကြပါတယ်။

ဒီလို တက်ရောက်ရင်းနဲ့ တဖြည်းဖြည်းနဲ့ ဂိဇ္ဈကုဋ်တောင်ပေါ်နားဘဲ နီးလာတယ်ဆိုယင် အင်အား များလည်း ပိုမို၍ ရှိလာသလိုပါဘဲ။ စိတ်ဓာတ်များလည်း လန်းဆန်း တက်ကြွမှုများ ရှိလာပါတယ်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး သက်တော်ထင်ရှားရှိစဉ်က ဒီနေရာ ဒီဒေသတွေမှာ နှလုံးမွေ့လျော်ပျော်ဘွယ်ရာ ကောင်းစွာနဲ့ သီတင်းသုံးတော်မူခဲ့ရတာကို ကြည်နူးရွှင်မြူးစွာနဲ့ ဥာဏ်ပညာများ ဆင်ခြင်ပြီးတဲ့နောက် ကြည်ညိုပြီး ဦးထိပ်ထားပြီး မမောနိုင် မပမ်းနိုင် တက်ခဲ့ကြ ပါတယ်။ ဒီလိုတက်ရင်းနဲ့ တဖြည်းဖြည်းနဲ့ ဂိဇ္ဈကုဋ်တောင်ရဲ့ အထိပ်နားမှာ အင်မတန်မှ အံ့သြဘွယ်ရာကောင်းစွာ သုံးလူ့ထွဋ်ထားရှင်တော်မြတ်ဘုရားကြီး ကိုယ်တော်တိုင်သီတင်းသုံးတော်မူခဲ့တဲ့ ကျောင်းနေရာကို ဖူးတွေ့လိုက်ရပါတယ်။

ဒီအခါမှာ ဗုဒ္ဓဘာသာ သူတော်စင်ပီပီ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ကိုယ်တော်တိုင် သီတင်းသုံးတော်မူခဲ့တဲ့ ဒီကျောင်းတော်ရာ ရောက်တဲ့အခါမှာ မိမိကိုယ်တိုင် တရားမထိုင်ဘဲ မနေနိုင်ဘဲ ချက်ခြင်းဘဲ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးကို လှူဒါန်းမယ်လို့ လှူဒါန်းပြီးတဲ့နောက် တရားထိုင်လိုက်ပါတယ်။

အဲဒီအခါမှာ ဦးပဥ္ဇင်းတို့ အနီးအနားမှာ ဦးပဥ္ဇင်းကြီး ဦးရေဝတလည်း ပါပါတယ်။ လန်ဒန်မြို့က ဦးစိန်ထွန်းမောင်တို့ မိသားစုလည်း ပါပါတယ်။ အားလုံးဘဲ ဝိုင်းပြီး သုံးလူ့ထွဋ်ထားရှင်တော်မြတ်ဘုရား သီတင်းသုံးခဲ့တဲ့ ဒီကျောင်းတော် နေရာကို တရားထိုင်ရယင် မြင့်မြတ်လှပြီဆိုပြီး ရည်ရွယ်ချက်နဲ့ တခါတည်း တရားထိုင်ကြပါတယ်။

သုံးလူ့ထွဋ်ထား ရှင်တော်မြတ်ဘုရားကိုယ်တိုင် သီတင်းသုံးတော်မူခဲ့တဲ့ ကျောင်းတော်ရာလေးကိုလဲ တွေ့ရပါတယ်။ အဲဒီကျောင်းရဲ့ ဗဟိုပေါ်မှာ အသေအချာထိုင်ပြီးတော့ လူနတ်ပြဟ္မာ သတ္တဝါတို့အား မဟာကရုဏာတော်ထားပြီး သနားသဖြင့် ရင်ဝယ်သားလို ချစ်မြတ်နိုးကော်မူတဲ့ ထိုမြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် တောမှာဘဲ မွေးဘွားတော်မူခဲ့သည်။

တောမှာဘဲ သစ္စာတရား ရှာဖွေတော်မူခဲ့သည်။ တောမှာဘဲ သစ္စာတရားရတော်မူခဲ့သည်၊ တောမှာဘဲ တရားဦးများကို ဟောတော်မူခဲ့သည်၊ တောမှာဘဲ သီတင်းသုံးပြီး နောက်ဆုံးသည် တောမှာဘဲ ပရိနိဗ္ဗာန် စံတော်မူခဲ့တဲ့ သုံးလူ့ထွဋ်ထား ရှင်တော်မြတ်ဘုရားရဲ့ ဂုဏ်တွေ၊ ကျေးဇူးတော်တွေကို အဲဒီလို လွမ်းမောဘွယ်ရာ ခံစားယင်းနဲ့ အော်- မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးရဲ့ မေတ္တာတော် တန်ခိုးတော်တို့သည် ဤရွှေ့ဤမျှ များပြား ကြီးမား ခန့်ငြား အံ့သြဘွယ် မဆုံးလောက်အောင် ကြီးမားပါပေကလား။ သုံးလူ့ထွဋ်ထား ရှင်တော်မြတ်ဘုရားရဲ့ သဗ္ဗညုတဉ္ဉာဏ်တော်ကြီးကို ဦးထိပ်မှာ ပန်ဆင် ကြည်နူးပြီးတော့ ထိုဘောင်ထိပ်မှာ အနှောင့်အယှက်များကလည်းကင်း၊ လူသံ သူသံ များကလည်း ဆိပ်ငြိမ်လို့ အင်မတန်မှ ငြိမ်းချမ်းကြည်လင် သာယာအေးမြစွာနဲ့ တရားအားထုတ်ရတာတော့ အင်မတန်မှဘဲ မြင့်မြတ်လှပါတယ်။

ဒါကြောင့် သုံးလူ့ထွဋ်ထား ရှင်တော်မြတ်ဘုရား သစ္စာ ဘုရား ရရာရကြောင်း နည်းလမ်းကောင်း များကို ကျင့်ကြံ ကြိုးစားအားထုတ်လိုသော ပုဂ္ဂိုလ်တို့သည်နေရာကောင်း၊ ဒေသ ကောင်းများကိုလည်း ရွေးချယ်အပ်ကြောင်းဟောကြားရင်းနဲ့ ဒီနေ့ ဂိဇ္ဈကုတ်တောင် တခေါက် ရောက်ခဲ့ရစဉ်က တွေ့ကြုံ ခံစား ဖြစ်ပေါ်ရခြင်းဆိုင်ရာ တရားတော်မြတ်ကို ဤမျှနဲ့ဘဲ နိဂုံးချုပ်လိုက်ပါတယ်။

ဤကဲ့သို့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ သစ္စာတရားနှင့်ပတ်သက်သော ငြိမ်းအေးမှုနှင့် ပတ်သက်သော တရားတော်မြတ်ကိုနာကြားရသောကုသိုလ်ကံစေတနာကြောင့် လောကုတ္တရာ နှစ်လီသော အကျိုးစီးပွားများ ဖြင့်ထွန်း သထက် ဖြစ်ထွန်းတဲ့အပြင် ခေါင်းအမျိုးမျိုး ပြောင်းရသော သုံးဆဲ့ဘဘုံ ဝဋ္ဋဒုက္ခအစုံစုံမှ ကျွတ်လွတ်ရသည် ဖြစ်၍ ဘုရား အမှူးရှိသော ရဟန္တာကိုယ်တော်မြတ်ကြီးတို့ စံမြန်းရာဖြစ်သော နိဗ္ဗာန်ရွှေပြည်မြတ်သို့ လျင်မြန် ထုတ်ချောက် မျက်မှောက် ပြုနိုင်ကြသော ပုဂ္ဂိုလ်ထူးများ-ပုဂ္ဂိုလ်မြတ်များ ဖြစ်ကြပါစေ ကုန်သတည်း။

# ကုသိနာရုံ ရောက်ခဲ့ရစဉ် တရားတော်

ကုသိနာရုံရောက်ခဲ့ရစဉ်က ကိုယ်တိုင်ခံစား ဖြစ်ပေါ်ရခြင်းများနဲ့ ပတ်သက်တဲ့တရားတော်ကို ဟောပါမယ်။

သံုးလုံ့ထွဋ်ထား ရှင်တော်မြတ် ဘုရားနဲ့ ပတ်သက်တဲ့ နေရာကြီး လေးနေရာရှိပါတယ်။ အဲဒီနေရာကြီး လေးနေရာမှာ ဦးစွာ "လုမ္ဗိနီ" သုံးလူ့ထွဋ်ထားရှင်တော်မြတ်ဘုရား မွေးဘွားတော်မူပါတယ်။ ဒုတိယအနေနဲ့ "ဗုဒ်ဂယာ" ခေါ်တဲ့ "ဗုဒ္ဓဂယာ" သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးကို ပန်ဆင်ပါတယ်။ ဘတိယအနေနဲ့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ ပထမဦးဆုံး တရားဦး ဟောတဲ့ "မိဂဒါဝုန်" ဖြစ်ပါတယ်။ စတုတ္ထအနေနဲ့ မလ္လတိုင်း "ကုသိနာရုံ" ဖြစ်ပါတယ်။ ကုသိနာရုံ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး လူ့နတ်,ဗြဟ္မာ, သတ္တဝါနဲ့ သုံးဆဲ့တဘုံကို စွန့်လွှတ်ပြီးတဲ့နောက် အနုပါဒိသေသ နိဗ္ဗာန်ခေါ်တဲ့ အဲဒီ အသင်္ခတဓာတ် နိဗ္ဗာနဓာတ် မြတ်သော ဘုရားကို အပြီးအပိုင်စံမြန်းတော်မူတဲ့နေရာဖြစ်ပါတယ်။

ဦးပဥ္စင်းတို့တတွေသည် ထိုနေရာ ထိုဒေသသို့ ရောက်အောင် ကြိုးစားပြီး သွားကြပါတယ်။ အဲသလို သွားတဲ့ အခါမှာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး သုံးလူ့ထွဋ်ထားရှင်တော်မြတ်ဘုရားကြီးသည် အားလုံးသော လူ,နတ်,ဗြဟ္မာ, သတ္တဝါတွေနဲ့ သုံးဆဲ့တဘုံကြီးကို စွန့်ပြီးတဲ့နောက် တခါတည်း အနုပါဒိသေသနိဗ္ဗာန်နန်းစံမြန်းတဲ့နေရာကိုရောက်တဲ့ အခါမှာ သုံးလူ့ထွဋ်ထားရှင်တော်မြတ်ဘုရားရဲ့ ဂုဏ်တွေ၊ တန်ခိုးတော်တွေ၊ မဟာကရုဏာတော်တွေ၊ မေတ္တာတော်တွေကို ကောင်းစွာ ခံယူရမိတဲ့ပုဂ္ဂိုလ်တို့ ဘယ်လိုမှ ဖြေမဆည်နိုင်အောင် ဖြစ်ရတဲ့ နေရာထူး၊ ဒေသထူး၊ ဒေသမြတ်ဆိုယင် မမှားပါဘူး။

သုံးလူ့ထွဋ်ထားရှင်တော်မြတ်ဘုရားကြီးသည် ရှေးဦးစွာ သုံးလူ့ထွဋ်ထားရှင်တော်မြတ်ဘုရာကြီးသဗ္ဗညုတရွှေဉာဏ်ဖြင့် ရွှေဉာဏ်တော် ကွန့်ယက်ဖြန့်ကျက်ပြီးတဲ့နောက် မိမိကယ်ချွတ်စရာ သတ္တဝါ ဝေနေယျ သတ္တဝါတွေကို ကယ်ချွတ်ပြီးတဲ့နောက်ပိုင်းမှာ သုံးလူ့ထွဋ်ထား ရှင်တော်မြတ် ဘုရားကြီးသည် ထိုကုသိနာရုံ အင်ကြင်းခြိုင်တောမှာ ရုပ်,နာမ်,ခန္ဓာ, လုံးဝဓာတ်သိမ်း ရုပ်သိမ်းပြီးတဲ့နောက် အေးငြိမ်းရာ အမှန် ပြည်နိဗ္ဗာန်သို့ စံဝင်တော်မူခဲ့ပါတယ်။

အဲဒီလိုစံတော်မူတဲ့ အခါမှာ သုံးလူ့ထွဋ်ထားရှင်တော်မြတ်ဘုရားကြီးအနေနဲ့ ရုပ်ကလာပ်တော် များကတော့ တောဓာတ် လောင်ဘို့အတွက်ကြွင်းကျန်ခဲ့ပါတယ်။ နာမ်ဓာတ်

တော်ကတော့ လုံးဝ ချုပ်ငြိမ်းသွားပါပြီ။ သဗ္ဗညုတ ရွှေဉာဏ်ကြီးကတော့ အနုပါဒိသေသနိဗ္ဗာန်ခေါ်တဲ့ နိဗ္ဗာန်နန်းသို့ စံမြန်းတော်မူသွားပါပြီ။ သို့သော်လည်း သုံးလူ့ထွဋ်ထား ရှင်တော်မြတ်ဘုရားရဲ့ ဓာတ်တော်တွေ၊ တန်ခိုးတော်တွေ၊ ကျေးဇူးတော်တွေကို အင်မတန်မှကြည်ညိုယင်းနဲ့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ ထံသို့ လူ့နတ်၊ဗြဟ္မာ၊သတ္တဝါ တွေကို အပြီးအပိုင် ပယ်စွန့်တဲ့နေရာကို သွားရောက်ပြီး ဖူးမျှော်လိုက်ရတဲ့အခါမှာ ယူကြုံးမရ ဖြစ်တာကတမျိုး၊ ဝမ်းသာ အားရကြည်နူးမိတာက အဖုံဖုံ၊ ရင်ထဲမှာ ခံစားချက် စုံလင်စွာနဲ့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ ခြေတော် အစုံကို ဦးခိုက်ပြီးနောက် ဩော်....လူ့နတ်၊ဗြဟ္မာ၊ သတ္တဝါ အပေါ်မှာ အင်မတန်မှကို ရိုးရိုးသာမန်ပုဂ္ဂိုလ်တွေ မကြုံစည်အပ်တဲ့၊မထား ရှိနိုင်တဲ့ အံ့ဩဘွယ် ကောင်းလွန်းတဲ့ မဟာ ကရုဏာတော် မေတ္တာတော်ရှင်ကြီးသည် ဤနေရာ ဤဌာန ဤဒေသမှာ သုံးလူ့ထွဋ်ထား ရှင်တော်မြတ် ဘုရားကြီးသည် အပြီး အပိုင် အနုပါဒိသေသနိဗ္ဗာန်နန်းသို့ စံမြန်းတော်မူခဲ့ပြီ။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး၏ တန်ခိုးတော်တွေ၊ ဉာဏ်တော်တွေ၊ မေတ္တာတော်တွေ၊ မဟာကရုဏာတော်တွေကို ကောင်းစွာခံယူမိတဲ့ အဘယ်ဗုဒ္ဓဘာသာ သူတော်စင်မှ ထိုအခါမှ မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်ကြီးရဲ့ သစ္စာ၊ မေတ္တာ၊ ဘာဝနာ တွေ့လိုက်ရတဲ့ မြင်ကွင်းဟာ အင်မတန်မှဘဲ လွမ်းဆွတ်ဖွယ်ရာ ကြည်နူးဖွယ်ရာ ကောင်းလွန်းလို့

သုံးလူ့ထွဋ်ထားရှင်တော်မြတ်ဘုရားရဲ့လမ်းစဉ်ကို တသွေမတိမ်း လိုက်နာတော့မယ်ဟု ကောင်းစွာ ဆုံးဖြတ်ချက် ချလောက်အောင်ဘဲ အင်အားများကို ဖြစ်စေပါတယ်၊

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးနဲ့ ပတ်သက်တဲ့ ဒေသတွေမှာ ဒီ "ကုသိနာရုံ"ကိုတော့ "ကုရှိနာဂါး" လို့ ခေါ်ပါတယ်။ "ဗုဒ္ဓဂယာ" ကိုတော့ "ဗုဒ်ဂယာ" လို့ ခေါ်ပါတယ်။

ကုသိနာရုံမှာ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးရဲ့ ပရိနိဗ္ဗာန် စံတော်မူတဲ့ အခန်းဟာဖြင့် အင်မတန်မှ လွမ်းမောတသဖွယ် ကောင်းပါတယ်။

ဦးပဥ္စင်းတို့တတွေ အဲဒီအင်ကြင်းတောကို ရောက်လို့ အမှတ်တရ ဓာတ်ပုံများလည်း ရိုက်ပြီးတဲ့နောက် သုံးလူ့ထွဋ်ထား ရှင်တော်မြတ်ဘုရားကြီးသည် ပထမ ရှေးဦးစွာ ရေကြည်တော် သုံးဆောင်တဲ့နေရာက တနေရာ ဒုတိယ ပရိနိဗ္ဗာန် စံတော်မူတဲ့ နေရာက တနေရာ၊ တတိယဓာတ်တော် မွေတော်များ တေဇောဓာတ်လောင်တဲ့ နေရာကတနေရာ ထိုသုံးနေရာဟာ ဖိုခနောက် သုံးဆိုင်လိုပါဘဲ၊

မြတ်စွာဘုရားသခင် သက်တော်ထင်ရှားရှိစဉ်က အမှန်တကယ် လှုပ်ရှားခဲ့တဲ့ဤနေရာ ဤဒေသ ဤဌာန များသည်း မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးရဲ့ သစ္စာတရားများကို

ကြိုးကြိုးစားစား ရှာဖွေနေတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးများအတွက် အင်မတန်မှ ရောက်သင့် ရောက်ထိုက်တဲ့ နေရာထူးနေရာကောင်း နေရာမြတ်ကြီးများ ဖြစ်ကြပါတယ်။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးရဲ့ မေတ္တာတော်တွေ၊ လှိုင်းဂယက်တွေဟာလည်း ထိုနေရာ ထိုဒေသမှာ အင်မတန်မှ ရိုက်ခပ်လျက် လွှမ်းမိုးလျက်ရှိကြောင်း ကောင်းစွာဘဲ ခံစားသိရှိရပါတော့တယ်။

ဒါကြောင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ အလိုတော်ကျ ကျင့်သုံးဆောက်တည်လိုသော အကြင် အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးကို ကောင်းစွာ ကြည်ညိုသဖြင့် မြတ်စွာဘုရား စေခိုင်းတဲ့အတိုင်း ကျင့်သုံးဆောက်တည်လျက် ကိလေသာ မာန်ကို အောင်ပွဲခံကာ ဒုက္ခ ဝဋ်မှ ကျွတ်လွတ်သော ထိုသဉပါဒိသေသ နိဗ္ဗာန်၊ အနုပါဒိသေသ နိဗ္ဗာန် စသော နိဗ္ဗာန်သို့ ကောင်းစွာ မျက်မှောက် ပြုနိုင်အောင် ကျင့်ကြံကြိုးစားအားထုတ်နိုင်ကြသော ပုဂ္ဂိုလ်ထူးများ ပုဂ္ဂိုလ်မြတ်များ ဖြစ်ကြပါစေကုန်သတည်း။

# ဝိပဿနာ နည်းပညာ
# တရားတော်

ဒီနေ့ ဟောမယ့်တရားတော်က "ဝိပဿနာ နည်းပညာ တရားတော်" ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာ သူတော်စင် တို့ဟာ နိဗ္ဗာန်စံမြန်းဘို့အတွက် ဝိပဿနာတရားများ ကျင့်ကြံ ကြိုးစား အားထုတ်ကြပါတယ်။

သို့သော်လည်း ဝိပဿနာတရားကို ဘယ်လို ကျင့်ကြံ ကြိုးစား အားထုတ်ရမယ်ဆိုတာ တိတိကျကျ ဂဃနဏ သေသေချာချာ မြတ်စွာဘုရား အလိုတော်ကျ ယထာဘူတ မသိနိုင်ကြဘူး။ ဒါကြောင့် ဒီကနေ့ မြတ်စွာဘုရားသခင် အလိုတော်ကျ ပုထုဇဉ်ဘဝမှ အရိယာ ဖြစ်စေနိုင်တဲ့ လက်တွေ့နဲ့ ယှဉ်တဲ့ ဝိပဿနာနည်းပညာ တရားတော်မြတ်ကို ဟောမှာ ဖြစ်ပါတယ်။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး အလိုတော်ကျ ဝိပဿနာ နည်းပညာဆိုတာ မိမိရင်တွင်းမှာ ရှိနေတဲ့ ကိလေ

သာများဖြစ်ကြသော လောဘ၊ ဒေါသ၊ မောဟများကို အနိစ္စ လက္ခဏာနဲ့ပယ်စွန့်ရခြင်း ကျင့်စဉ်ဖြစ်ပါတယ်။

သုံးလူ့ထွဋ်ထား ရှင်တော်မြတ် ဘုရား အလိုတော်ကျ လူ့,နတ်,ဗြဟ္မာ,သတ္တဝါတွေဟာ ကိလေသာကြောင့် ပူလောင်ကြပါတယ်။ ပင်ပမ်းကြပါတယ်။ဆင်းရဲကြပါတယ်။ ဒါကြောင့် အဲဒီပူလောင် ဆင်းရဲစေတဲ့ ကိလေသာတွေ လျော့နည်းလျက် ကုန်ဆုံးချုပ်ငြိမ်းအောင် ဝိပဿနာ နည်းပညာ များကိုကျင့်သုံး ဆောက်တည်ရပါတယ်။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး အလိုတော်ကျ ဝိပဿနာ နည်းပညာဆိုတာ မိမိရုပ်နာမ်ထဲမှ ဖြစ်ပေါ်လာတဲ့ ကိလေသာ စိတ်မိုက်စိတ်ရိုင်းများကို အနိစ္စလက္ခဏာတင် ဆင်ခြင်ရတဲ့ တရားများဖြစ်ကြပါတယ်။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး အလိုတော်ကျ ယထာဘူတ ကျကျ အကြင် အမျိုးကောင်းသား အမျိုးကောင်း သမီးတို့သည် ဝိပဿနာနည်းပညာကို ကျင့်သုံး ဆောက်တည် လိုကြလျှင် ရှေးဦးစွာ မိမိတို့ ဖြစ်ပေါ် လာသော ထိုထိုသော စိတ္တသင်္ခါရကလေးများကို ထိုထိုသော ရုပ်ဓမ္မနာမ်ဓမ္မသဘာဝ တရားကလေးများသည် မမြဲကြဘူးဟု အပျက်ရှုရ ပါတယ်။ အပျက်ရှုမှ ဝိပဿနာ ဖြစ်ပါတယ်၊ အဖြစ်ကို လိုက်နေယင် ဝိပဿနာ မမည်ပါဘူး။ သမထဘက် ရောက်သွားပါလိမ့်မယ်။

ဒါကြောင့် ဝယမ္မေသခ်ါရာ အပမာဝဒေနသမ္မာဒေဝ ဆိုသလို မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်ကြီးက ဒီရုပ်နာမ် ဒီခန္ဓာတို့သည် မမြဲကြဘူး ချစ်သားတို့–ချစ်သမီးတို့၊ ဒီရုပ်နာမ် ဒီခန္ဓာကြီးသည် အပျက်တရားကြီး၊ အဲဒီအပျက်တရားကို မိမိတို့ ဉာဏ်ပညာ လက်နက်နဲ့ ကောင်းစွာ ထိုးဖောက် ရှုသတ်နိုင်တဲ့ ပုဂ္ဂိုလ်သည် ဝိပဿနာ ယောဂီပီသပါတယ်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး အလိုတော်ကျ မိမိခန္ဓာကို လက္ခဏာရေးသုံးပါးနဲ့ဆင်ခြင်ပြီး တလွှာစီတလွှာစီ အညစ်အကြေးများကို စင်ကြယ်အောင် ဆေးကြော နိုင်တဲ့ ပုဂ္ဂိုလ်တို့သည် လူလိမ္မာများဖြစ်ကြပါတယ်။

မိမိရုပ်နာမ် ခန္ဓာကို ဟုတ်လှပြီ၊ တော်လှပြီ၊ ငါတတ်တယ်၊ ငါမြတ်တယ်၊ ငါသိတယ်၊ ခိုင်တယ်၊မြဲတယ်လို့ အဲဒီလို ထင်မှတ်လွဲနေယင် ဝိပဿနာ ယောဂီ မဖြစ်နိုင်တော့ပါဘူး။ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး အလိုတော်ကျ ဝိပဿနာ ယောဂီဖြစ်လိုလျှင် မိမိရုပ်နာမ်မှာ ဖြစ်ပေါ်လာတဲ့ မလိုလားအပ်တဲ့ လောဘ၊ဒေါသ၊မောဟ စိတ်မိုက်စိတ်ရိုင်းများကို ဒီတရားတွေသည် ဆင်းရဲတဲ့တရားတွေဖြစ်ကြတယ်။ဒီတရားတွေသည်မမြဲတဲ့တရားတွေဖြစ်ကြတယ်။ဒီတရားတွေသည်မပိုင်မဆိုင် အပ်တဲ့တရားတွေဖြစ်ကြတယ်။

လက္ခဏာရေးသုံးပါးနဲ့ ပညာသားပါပါ ဉာဏ်တရား ဖြင့် ခန္ဓာမှာ ကောင်းစွာ ရှုသတ်နိုင်တဲ့ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်

များသာလျှင် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး အလို တော်ကျ ဝိပဿနာ ယောဂီပီသနိုင်ကြပါတယ်။

တရားနာ ပရိသတ်ကြီးတို့သည် မိမိကိုယ်ကို ဝိပဿနာ ယောဂီ ပီသမှု၊ မပီသမှုကို ကိုယ်တိုင်ကိုယ်ကျ စစ်တမ်း ထုတ်နိုင် ကြပါသည်၊ မိမိတို့သည် အကယ်၍ မိမိတို့ခန္ဓာ၌ ဖြစ်ပေါ်လာ သော လောဘ၊ဒေါသ၊ မောဟများကို လက်ခံနေကြသေးလျှင် (သို့) အပျက်ခံရှုနိုင်ကြလျှင် (သို့) လောဘ၊ဒေါသ၊မောဟများ ရဲ့ ကျေးကျွန်များ အဖြစ်နဲ့ မိမိ ကိုယ်တိုင် အဝိဇ္ဇာ တဏှာရဲ့ သားကောင်ဖြစ်နေကြလျှင် ထိုပုဂ္ဂိုလ်သည် ဝိပဿနာယောဂီမပီ သပါဘူး။

ဝိပဿနာယောဂီပီသတို့၊ သစ္စာဝါဒီ ယောဂီပီသစေလို လျှင် မိမိကိုယ်ကို သိုချုပ်နာမ်ခန္ဓာတို့သည် ဆင်းရဲကြ၏။ ထိုခန္ဓာ တို့သည် မမြဲကြဘူး၊ ထိုခန္ဓာတို့သည် မပိုင်မဆိုင်အပ်ကြဘူးလို့ လက္ခဏာရေးသုံးပါးနဲ့ဆင်ခြင်ပြီး ဉာဏ်ပညာနဲ့ အနိစ္စ လက္ခ ဏာ တင်နိုင်ရဲသော ပုဂ္ဂိုလ်တို့သာလျှင် မြတ်စွာ ဘုရားသခင် ကိုယ်တော်မြတ်ကြီး အလိုတော်ကျ ယထာဘူတ ကျကျ ဟုတ် တိုင်းမှန်စွာ ရှုသတ်နိုင်သော ပယ်စွန့် နိုင်သော ဝိပဿနာ ယောဂီများ ပီသနိုင်ကြပါတယ်။

ဒါကြောင့် သုံးလူ့ ထွဋ်ထားရှင်တော်မြတ်ဘုရား အလို တော်ကျ ပုထုဇဉ်ဘဝမှ အရိယာဘဝသို့ကူးပြောင်းနိုင်အောင်

၃၁-ဘုံကြီးကို ခြေကန်၍ နိဗ္ဗာန်နန်း စံမြန်းနိုင်အောင်၊ အမှန်ဘကယ်အကျိုးရှိအောင် အရိယာသူတော်စင်တွေ ဖြစ်အောင် ယထာဘူတကျအောင် မိမိခန္ဓာမှာဖြစ်ပေါ်လာသော သဘောတို့အား အနိစ္စ လက္ခဏာတင် ဆင်ခြင် နိုင်တဲ့ စွမ်းပကားကို ကောင်းစွာ မွေးမြူနိုင်မှသာလျှင် ဝိပဿနာ ယောဂီ ပီသနိုင်ပါတယ်။

ဤကဲ့သို့ ဝိပဿနာ ယောဂီ ပီသအောင် ကြံဆောင်ကျင့်ကြံကြိုးစား အားထုတ်မယ်ဆိုယင် အပျက် တရားတို့၏ အဆုံးမှာ နိဂုံးမှာနိဗ္ဗာန်တည်းဟူသော မပျက်မစီးတဲ့ အသခ်တ ခါတ် မြတ်သော တရားကြီးရှိပါတယ်။

ဤကဲ့သို့ မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်ကြီး၏ ဝိပဿနာတရားတော်မြတ်ကို ကိုယ်တိုင် ကိုယ်ကျ နာကြားရသော ဆင်ခြင်သုံးသပ်ရသော ကုသိုလ်ကံ စေတနာအပေါင်းတို့ကြောင့် သေ ာကုဘ်လောကီ နှစ်လီသော အကျိုးစီးပွားများ ဖြစ်ထွန်းသထက်ဖြစ်ထွန်းတဲ့ အပြင် ခေါင်းအမျိုးမျိုးပြောင်းကြရသော သုံးဆဲ့တဘုံ ဒုက္ခအစုံစုံမှကျွတ်လွတ်ကြကုန်သည်ဖြစ်၍ ဘုရားအမူးရှိသော ရဟန္တာ ကိုယ်တော်မြတ်ကြီးတို့ စံမြန်းရာ နိဗ္ဗာန်ရွှေပြည်မြတ်သို့ လျင်မြန်ထုတ်ခြောက် မျက်မှောက် ပြုနိုင်ကြကုန်သည်ဖြစ်သော၊ စံမြန်းနိုင်ကြကုန်သည်ဖြစ်သော ပုဂ္ဂိုလ်ထူးများ ပုဂ္ဂိုလ်မြတ်များဖြစ်ကြပါစေကုန်သတည်း။

# သိပ္ပံဒဿန မြတ်ဗုဒ္ဓ တရားတော်

ဒီနေ့ ဟောကြားမယ့် တရားတော်ကတော့ "သိပ္ပံ ဒဿန မြတ်ဗုဒ္ဓ တရားတော်" ဖြစ်ပါတယ်။ သုံးလူ့ထွဋ်ထား ရှင်တော်မြတ်ဘုရားရဲ့ သစ္စာတရားတို့ဟာ လက်တွေ့ ကျင့်ကြံ ကြိုးစားအားထုတ်တဲ့ ပုဂ္ဂိုလ်များအတွက် ကောင်းမွန်သော အကျိုးကျေးဇူးကို တိတိကျကျရရှိခံစားရနိုင်ပါတယ်။

သိပ္ပံ လောကမှာတော့ ထွန်းကားတဲ့ ဒီခေတ်မှာ သိပ္ပံပညာသည် လက်တွေ့ စမ်းသပ်လို့ရ၊ စီစစ်လို့ရ၊ ကြိုတင်လည်း ပြောနိုင်တယ်။ ယေဘုယျ သဘောများလည်း ပါကြတယ်။ ကြောင်းကျိုး နိယာမများနဲ့လည်းဆက်စပ်၊ ဓမ္မဓိဋ္ဌာန်လည်းကျ၊ စနစ်တကျ တည်ဆောက်မှုလည်းရှိတယ်။

ဒီလိုဂုဏ်ရည်တွေဟာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ သစ္စာတရားနယ်ပယ်မှာ ပြီးပြည့်စုံစွာ တွေ့ရှိနိုင်တာမို့ ယနေ့တရားတော်သည် "သိပ္ပံ ဒဿန မြတ်ဗုဒ္ဓ" တရားတော်လို့ ခေါင်းစဉ် ပေးလိုက်ရပါတယ်။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးရဲ့ တရားတော်တို့ဟာ လက်တွေ့စမ်းသပ်လို့လည်းရပါတယ်။

ဧဟိပဿိကော ဩပနေယျိကော ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိ–စမ်းသပ်ကြည့်ပါ၊ ဆင်ခြင်ကြည့်ပါ၊ နှလုံး သွင်းကြည့်ပါ၊ သုံးသပ်ကြည့်ပါ၊ သစ္စာ တရားတော် မြတ်သည် လူ,နတ်,ဗြဟ္မာ,သတ္တဝါတို့အား စစ်မှန်သော ချမ်းသာမှုကို ကောင်းစွာ ပေးစွမ်းနိုင်ပါတယ်။

ဒါကြောင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ သစ္စာတရားတော်တို့သည် လက်တွေ့ စမ်းသပ်လို့လည်းရကြပါတယ်၊ ဓမ္မဓိဋ္ဌာန်ကျမှုလည်းရှိကြပါတယ်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ တရားတော်တို့သည် ဆင်းရဲချမ်းသာမရွေး၊ ဂုဏ်ရှိ ဂုဏ်မဲ့မရွေး၊ သစ္စာတရားကို ခိုင်ခိုင်မာမာသိရှိအောင်ကြိုးစားကြတဲ့ အကြင်အမျိုးကောင်းသား အမျိုးကောင်းသမီးတို့ အတွက် ဟုတ်တိုင်းမှန်စွာ ဆုလာဘ်ရတနာကို ပိုင်ပိုင်နိုင်နိုင် ရရှိနိုင်ပါသည်။ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးရဲ့သစ္စာတရားတော်တို့ကို ကောင်းစွာ ကျင့်သုံးဆောက်တည်တဲ့ အကြင် အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ဤဘဝမှာလည်း ကောင်းစွာ အကျိုးရှိပါတယ်၊ ဤဘဝမှ သေဆုံးရတဲ့ နောင်အနာဂတ် ကာလများနဲ့ ပတ်သက်လို့လည်း ကောင်းစွာ အကျိုးရှိပါတယ်။

ပစ္စုပ္ပန်၊ အနာဂတ် အင်မတန်အကျိုးရှိတဲ့ တရားတော်မို့ ကောင်းတာ၊ဆိုးတာ၊မြတ်တာ၊ယုတ်တာ၊ မှန်တာ၊မှားတာ၊

စစ်မှန်စွာဖြင့် ကောင်းစွာ ဝေဖန်နိုင်တဲ့ ဉာဏ်ပညာကို သုံးလို့ ထွင်ထား ရှင်တော်မြတ်ဘုရားရဲ့ အဆုံးအဆုံးများက ကောင်းစွာ ဝေဖန်နိုင်တာမို့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ တရားတော်တို့သည် လက်တွေ့လည်း စိဝင်လို့ ရကြပါတယ်။ ကိုယ်တိုင် ကိုယ်ကျ ကျင့်သုံး ဆောက်တည်လို့လည်း ရကြပါတယ်။ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးရဲ့ တရားတော်တို့မှ ကြောင်းကျိုးဆက်သွယ်လို့လည်း ရကြပါတယ်။

ယေဓမ္မာဟေတုပ္ပဘာဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ တေသဉ္စယော၊ နိရောဓော၊ ဧဝံဝါဒီမဟာသမဏော။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ တရားတော်တို့ဟာ ကြောင်းကျိုးဆက်နွယ်မှုလည်းရှိပါတယ်။

သမုဒယအကြောင်းခံယင် ဒုက္ခအကျိုးပေးပါတယ်။

မဂ္ဂအကြောင်းခံယင် နိရောဓအကျိုးပေးပါတယ်၊

အကြင်သူသည် အကယ်၍ဒုက္ခကို မလိုချင်လျှင် ဒုက္ခကို ပယ်စွန့်တဲ့ နည်းလမ်းဖြစ်တဲ့ မဂ္ဂကျင့်စဉ်ကို ကျင့်ကြံကြိုးစား အားထုတ်လျှင် နိရောဓ တည်းဟူသော ဒုက္ခချုပ်ငြိမ်းရာ အမှန် ပြည်နိဗ္ဗာန်သို့ရောက်နိုင်ပါတယ်။

ဒါကြောင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ တရားတော်မှာ ကြောင်းကျိုးဆက်သွယ်တဲ့ သဘောများလည်း ရှိကြပါတယ်။ ပဋိစ္စသမုပ္ပါဒ်ယန္တရားများလည်း လည်လည်လျက် ရှိကြရာအကြောင်းခံသလို အကျိုးရှိပါတယ်။

ထိုထိုသော ဒုက္ခအကျိုးကို မလိုချင်ယင် ထိုထိုသော ဒုက္ခအကျိုးကိုဖြစ်စေတဲ့ အကြောင်းခံ သမုဒယများကို ပယ်ကြရ ပါတယ်။ အကြောင်းခံ သမုဒယ ပယ်တော့မှ အကျိုး ဒုက္ခ သေ ဆုံးတဲ့အခါ အကျိုးဒုက္ခ သေဆုံးရာဖြစ်တဲ့ နိဗ္ဗာန်နန်းသို့ အ ကြောင်းသမုဒယသတ်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် တက်လှမ်း နိုင်ပါတယ်။

ဒါကြောင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ တရားတော်တို့မှာ စနစ်တကျ တည်ဆောက်မှုလည်း ရှိကြ ပါတယ်။ အကြင်သူသည် အကယ်၍ ကုသိုလ်ကံ အကုသိုလ်ကံ တွေနဲ့ သံသရာလည်ဘို့ရာ အတွက် ကျင့်သုံး ဆောက်တည်လို့ ရှိယင် ထိုပုဂ္ဂိုလ်တို့သည် မိမိတို့ပြုခဲ့တဲ့ ကံကြမ္မာလမ်းကြောင်း အတိုင်း သံသရာ တဝဲလည်လည် ကျင်လည်ပြီး ဒုက္ခပင်လယ် ဝေကြရမှာ ဖြစ်ပါတယ်။

အကြင်သူသည် အကယ်၍ သစ္စာတရားကို ကောင်းစွာ ထိုးထွင်းသိမြင်ဆင်ခြင်နိုင်လို့ မြတ်စွာဘုရားသခင် ကိုယ်တော် မြတ်ကြီး အလိုတော်ကျ သစ္စာတရားကို ဟုတ်တိုင်း မှန်စွာ ထိုးထွင်းသိမြင်အောင် သစ္စာလေးပါး၊ လက္ခဏာရေးသုံးပါး၊ မဂ္ဂင်ရှစ်ပါး။ ပဋိစ္စသမုပ္ပါဒ် တရားစတဲ့ သံသရာမှထွက်မြောက် ရာ တရားများကို စနစ်တကျ ကျင့်သုံး ဆောက်တည်သောအခါ လူ,နတ်,ဗြဟ္မာ,သတ္တဝါတို့ ဒုက္ခများစွာ စုပုံလျက် ဤမှာဘက် သုံးဆဲ့တဘုံ သောင်ကမ်းမှ ဟိုမှာဘက် နိဗ္ဗာန် သောင်ကမ်း တဘက်စခန်းသို့ တက်လှမ်းနိုင်ပါတယ်။

ဒါကြောင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ တရားတော်မြတ်တို့သည် ဘယ်နည်းနဲ့စစ်ဆေးစစ်ဆေး လို့လည်းရကြပါတယ်။ မေးသင်လို့လည်းရကြပါတယ်။ ကိုယ်တိုင်ကိုယ်ကျ ကျင့်သုံးဆောက်တည်လို့လည်း အကျိုးအင်တန်မှ များမြတ်ပါတယ်။

ဒါကြောင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ တရားတော်တို့ကို ရပ်နာမ်ရထားတဲ့ ပုဂ္ဂိုလ်တိုင်း လေ့လာသင့်ပါတယ်။ ဆည်းပူးသင့်ပါတယ်။ ကျင့်သုံးသင့်ပါတယ်။ ဆောက်တည်သင့်ပါတယ်။

ဤကဲ့သို့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ လွန်စွာမှ စစ်မှန်သော၊ တိကျသော၊ အကျိုးရှိသော သတ္တဝါတို့အား ဒုက္ခကို ကယ်ဆယ်နိုင်သော ပုထုဇဉ်ဘဝမှ အရိယာဘဝသို့ ကူးပြောင်းနိုင်သော သုံးဆဲ့တဘုံမှ ကျွတ်လွတ်စေနိုင်သော နိဗ္ဗာန်စံစေနိုင်သော တရားတော်မြတ်ကို ကိုယ်တိုင်ကိုယ်ကျ နာကြားယင်းနှင့်တကွ နှလုံးသွင်း ဆင်ခြင် နိုင်ကြကုန်သည်ဖြစ်သော သူတော်ကောင်း အပေါင်းတို့သည် ကိုယ်ရောစိတ်ပါ ဝေဒနာများ ကျန်းမာချမ်းသာ၍ လိုအင်ဆန္ဒ ပေါက်မြောက်ကြပါစေ၊ အန္တရာယ်အယှက် အနက်အခဲ အငိုက် အငင်အတား အဆီးတို့သည် ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ လျောကျ ပျောက်ကင်း ကျန်းမာ၍ ချမ်းသာကြပါစေကုန်သတည်း။ ။

❀

# ဓမ္မဒါန အလှူရှင်များ စာရင်း

| စဉ် | အလှူရှင်အမည်၊ နေရပ်လိပ်စာ | ကျပ် | ပြား |
|---|---|---|---|
| ၁ | ဦးသန်းမောင်၊ ဒေါ်ခင်ဝင်း<br>ဆိုင်အမှတ် ၄၆/အေ၊ ၂၆လမ်း၊<br>သိမ်ကြီးဈေး၊ ရန်ကုန်မြို့။ | ၆၀၀ | ၀၀ |
| ၂ | ဦးကြင်ဝမ်း၊ ဒေါ်စောလှိုင်<br>နဂါးဖန်မြေမှန်မြေ မိသားစု။ | ၁၀၀ | ၀၀ |
| ၃ | ယောဂီဒေါ်မြင့်မြင့်သန်း စမ်းချောင်းမှ<br>ကောက်ခံရရှိငွေ | ၇၅ | ၀၀ |
| ၄ | ဦးအောင်ဆန်း၊ ဒေါ်ခင်မြ<br>၅၂၊ ဂန္ဓမာလမ်း၊ စမ်းချောင်း။ | ၆၀ | ၀၀ |
| ၅ | ယောဂီများ | ၄၀ | ၀၀ |
| ၆ | ဒေါ်တီ၊ ယောက်လမ်း။ | ၃၀ | ၀၀ |
| ၇ | ဦးစိုးလှိုင်၊ ဒေါ်ခင်ထွေး<br>ရေကျော်ကန်လမ်း၊ ဝတ္တလစ်။ | ၃၀ | ၀၀ |

# ဓမ္မဒါန အလှူရှင်များ စာရင်း

| စဉ် | အလှူရှင်အမည်၊ နေရပ်လိပ်စာ | ကျပ် | ပြား |
|---|---|---|---|
| ၈ | ဦးဘဟန်၊ ဒေါ်ခင်စန်း စမ်းချောင်း။ | ၃၀ | ၀၀ |
| ၉ | ဦးလှသိန်း၊ ဒေါ်ခင်မြင့် စမ်းရေတွင်းလမ်း၊ စမ်းချောင်း။ | ၃၀ | ၀၀ |
| ၁၀ | ဦးဘိုးစံ အမှတ် ၃၈၊ ၁၉ လမ်း။ | ၃၀ | ၀၀ |
| ၁၁ | ဒေါ်သန်းတင် ရေကူးကန်လမ်း၊ ဂွတ္တာလစ်။ | ၃၀ | ၀၀ |
| ၁၂ | ဦးမြဇင်၊ ဒေါ်စန်းရီ ကိုင်းတန်း။ | ၁၅ | ၀၀ |
| ၁၃ | ဦးတင်ရွှေ၊ ဒေါ်ထားထား | ၁၅ | ၀၀ |
| ၁၄ | ဒေါ်သန်းရှင် ရေကူးကန်လမ်း၊ ဂွတ္တာလစ်။ | ၁၀ | ၀၀ |
| ၁၅ | ဦးစိန်ဝင်း၊ ဒေါ်ခင်ဆွေ စမ်းချောင်း။ | ၁၀ | ၀၀ |
| ၁၆ | ဒေါ်အေးကြည် အုတ်ကျင်း။ | ၁၀ | ၀၀ |

မှာယူ ပူဇော်ကြရန်

## အသျှင်နန္ဒဝံသ (မဟာဝိဇ္ဇာ) ၏

ပြုစုထုတ်ဝေပြီး ကျမ်းများ

၁။ ဉာဏ်ပန်းမွှေးလှိုင်ကြူ
၂။ မြတ်ပန်းမွှေးလှိုင်ကြူ
၃။ ပျံ့မွှန်းမွှေးလှိုင်ကြူ
၄။ ဝိပဿနာ လက်တွေ့ကျင့်စဉ် လုပ်ငန်းခွင် တရားတော်များ
၅။ ဝိပဿနာ လက်တွေ့ကျင့်စဉ် လုပ်ငန်းခွင် တရားတော်များကျမ်းမှ ကောက်ချက်များ—
၆။ နိဗ္ဗာန် စစ်မှန်သော လွတ်မြောက်ခြင်း
NIBBANA, THE REAL FREEDOM
၇။ ယောဂီစစ်တမ်း
၈။ သိပ္ပံဒဿန မြတ်ဗုဒ္ဓ
၉။ သစ္စာဉာဏ်အမြင် တရားစဉ်များ